The Strategy First Times
Vol.1., Issue 18

July 4, 2016 | ၁၃၇၈ ခု၊ နယုန်လကွယ်နေ့၊ တနင်္လာနေ့ | နှစ်ပတ် / တစ်ကြိမ်




# NCC Level (4) Diploma in Business Batch (3FT) ဖွင့်လှစ်

STRATEGY FIRST LIBRARY

စာ - ၇ သို့

## The 8 traits successful people have in common

မင်္ဂလာပါ **Strategy First** Library မှ စာဖတ်ပရိသတ်များခင်ဗျာ။

ယခုလက်ရှိ အောင်မြင်ကျော်ကြားနေတဲ့ လူအများစုမှာ ဘယ်လိုအကျင့်လက္ခဏာတွေနဲ့ အောင်မြင်နေကြပါသလဲ၊ Bill Gates, Buffett Martha, Donald Trump, Oprah Winfrey စတဲ့ အောင်မြင်ကျော်ကြားနေသူများ အများစုကဘာတွေလုပ်ခဲ့ပြီး ဘယ်လိုအကျင့်တွေ ကျင့်သုံးခဲ့လို့ အောင်မြင်လာခဲ့သလဲ စတဲ့ မေးခွန်းတွေကို စာရေးသူ Richard St.John က ၁၀ နှစ်လောက် သုတေသနများပြုလုပ်ခဲ့တဲ့အပြင် Bill Gates, Mantra Stewart, Richard Branson, Googles founder များနဲ့ တခြားအောင်မြင်ကျော်ကြားသူ အယောက် ၅၀၀ ကို လူတွေ့အင်တာဗျူးများလည်းပြုလုပ်ခဲ့ပြီးလေ့လာမှုတွေလည်းပြုလုပ်ခဲ့ပါတယ်။ လေ့လာမှုများမှအောင်မြင်ကျော်ကြားနေသူများ အများစုမှာ ယေဘုယျအောင်မြင်ကျော်ကြားစေမယ့် အချက် (၈) ချက်ရှိနေတာကို လေ့လာတွေ့ရှိခဲ့ပါတယ်။




INTERVIEW

စာ - ၁၄ သို့

## ကိုသုတဇော်ရဲ့ ဂျပန်လေ့လာရေးခရီးအကြောင်း

မြန်မာနိုင်ငံမှာ အဓိက လိုအပ်နေတာက ပညာရေးပါ။ နောက်တော့ ကျွန်တော် စဉ်းစားကြည့်လိုက်တယ်။ ဆယ်တန်းစာမေးပွဲအပြီးမှာ တက္ကသိုလ်မတက်ခင် ဝေလေလေဖြစ်နေခဲ့တယ်။ တက္ကသိုလ်တက်ပြန်တော့လည်း ဘာမှမသိဘဲနဲ့ Dentist ကို တက်ခဲ့တယ်။ နောက် Generation တွေကို ကျွန်တော်လိုဖြစ်မှာစိုးလို့ စာမေးပွဲဖြေပြီးတဲ့ကလေးတွေရဲ့စာအုပ်ကိုယူပြီး ငွေရေးကြေးရေးမတတ်နိုင်တဲ့သူကိုပေးမယ်၊ နောက်တစ်ခုက ဆယ်တန်းဖြေပြီး အောင်စာရင်းမထွက်ခင် အတောအတွင်းမှာ သင်တန်းတစ်ခု ဖွင့်မယ်၊ အဲဒီသင်တန်းက မိမိရဲ့ဝါသနာ ဘာသာစုံ - အင်ဂျင်နီယာ၊ ဆရာဝန်၊ ဆရာ/ဆရာမ၊ စီးပွားရေး စတဲ့ ဘာသာကို အင်္ဂလိပ်စာနဲ့ တွဲပြီးတော့ သင်ပေးမယ်။ ကျွန်တော်တို့ရဲ့သင်တန်းတွေကို တက်ပြီးတဲ့အခါမှာ ၇၅ ရာခိုင်နှုန်း မဟုတ်ရင်တောင် ၄၅ ရာခိုင်နှုန်းတော့ သူတို့ရဲ့စိတ်ထဲမှာ ကျန်နေရစ်မယ်။



FEATURE

စာ - ၂ သို့

## အစမလုပ်သင့်တဲ့ကွမ်း၊ ဖြတ်သင့်တဲ့ကွမ်း



HEALTHY LIVING

စာ - ၁၁ သို့

## အစားအသောက်နဲ့ အလုပ်ပြီးစီးမှု



# အစမလုပ်သင့်တဲ့ကွမ်း၊ ဖြတ်သင့်တဲ့ကွမ်း

**SFJ Team**







ကွမ်းယာစားခြင်းကမိမိနဲ့မိမိပတ်ဝန်းကျင်အပေါ်ကောင်းကျိုးထက်ဆိုးကျိုးကိုသာဖြစ်စေတဲ့အတွက် အစိုးရအနေနဲ့ ကွမ်းယာရောင်းချခြင်းနဲ့စားသုံးခြင်းကိုလျှော့ချရေးအတွက်ဆောင်ရွက်ဖို့ စီစဉ်လာပါတယ်။

ကွမ်းစားသုံးခြင်းဟာပြည်သူတစ်ရပ်လုံးရဲ့ ကျန်းမာရေးအတွက်ကောင်းကျိုးထက်ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေနိုင်တဲ့အပြင် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုတွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေနိုင်လို့ ကွမ်းစားသုံးမှုကျဆင်း ပပျောက်ရေးအတွက် အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ အစိုးရတာဝန်ရှိသူတွေက ကြေငြာခဲ့ပါတယ်။

အစိုးရအနေနဲ့ကွမ်းပြဿနာကိုကိုင်တွယ်ဆောင်ရွက်လာပေမယ့် ကွမ်းယာရောင်းချသူများရဲ့ လူနေမှုရပ်တည်ရေးအပေါ် ထိခိုက်မှုမရှိစေရေးအတွက် ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေးအတွက် လက်ရှိအချိန်မှာ ကွမ်းယာဆိုင်များကို အတင်းအဓမ္မ ပိတ်ပင်ရန် ညွှန်ကြားထားခြင်းမရှိဘဲ ပြည်သူလူထုပူးပေါင်းပါဝင်ရေးအတွက်ပညာရေးစည်းရုံးဆောင်ရွက်ဖို့ကိုသာ ညွှန်ကြားထားပါတယ်။

နိုင်ငံတော်သမ္မတရုံးက ကွမ်းစားသုံးမှုလျှော့ချရေးနဲ့ ကွမ်းတံထွေးစည်းကမ်းမဲ့ထွေးမှုပပျောက်ရေးအပေါ် လူထုသဘောထားအမြင်စစ်တမ်းကိုလည်း အွန်လိုင်းမှာ Vote ပေးခြင်းနဲ့ကောက်ခံလျက်ရှိပါတယ်။

ဇွန် (၂၇) ရက်မနက်ပိုင်းအထိ Vote ပေးမှုများအရ ကွမ်းယာစားသုံးမှုလျှော့ချရေးနဲ့ ကွမ်းတံထွေးစည်းကမ်းမဲ့ထွေးမှုပပျောက်ရေးအတွက် ထောက်ခံသူ (၂၆) ရာခိုင်နှုန်း၊ မထောက်ခံသူ (၂) ရာခိုင်နှုန်း မူဝါဒကို ထောက်ခံကြပြီး လုပ်နည်းမထောက်ခံသူ (၁၉) ရာခိုင်နှုန်း၊ ကွမ်းနဲ့အတူ လောင်းကစား၊ မူးယစ်ဆေးဝါး၊ အရက်သေစာများကို ထိထိရောက်ရောက် ထိန်းချုပ်ပေးစေလိုသူ (၅၂) ရာခိုင်နှုန်း ရှိပါတယ်။

ပြည်သူတွေရဲ့ Vote ပေးမှုများအရ ကွမ်းယာသုံးမှုလျှော့ချရေးနဲ့ကွမ်းတံထွေးစည်းကမ်းမဲ့ထွေးမှုပပျောက်ရေးအတွက်လုပ်ဆောင်မှုတွေကိုထောက်ခံသူများပြားသလိုကွမ်းနဲ့အတူလောင်းကစား၊ မူးယစ်ဆေးဝါးနဲ့ အရက်သေစာတို့ကိုလည်း ထိန်းချုပ်ပေးစေလိုသူတွေလည်းများပြားနေပါတယ်။

ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် ကွမ်းစားခြင်းဟာ ခံတွင်းကင်ဆာကို ပိုက်ဆံပေးဝယ်ယူနေသလို ဖြစ်ပါတယ်။ ကွမ်းယာကို ခံတွင်းထဲမှာ အချိန်ကြာမြင့်စွာ ငုံထားမှုကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်ချေကို ပိုမိုများပြားစေလျက်ရှိပါတယ်။ ကွမ်းယာထဲမှာ ပါဝင်တဲ့ ဓာတုဆေးများမှာ ကင်ဆာဖြစ်စေမှုကို ထောက်ပံ့ပေးနေတယ်လို့ ဆေးပညာရပ်ဆိုင်ရာ ပညာရှင်များက သုံးသပ်ထားပါတယ်။ သွားဖုံးရောဂါကဲ့သို့ ခံတွင်းဆိုင်ရာ ရောဂါများကိုလည်း ဖြစ်ပွားစေနိုင်သလို ကွမ်းချိုးများကြောင့် မိမိရုပ်ဆင်းကို အကျည်းတန်စေပါတယ်။

ကွမ်းစားခြင်းအန္တရာယ်ကျန်းမာရေးသတိပေးချက်အရ ကွမ်းယာကို အမြဲမပြတ်စားခြင်း၊ ဝါးနေခြင်း၊ ငုံခြင်း၊ ကွမ်းယာထဲမှာ ဆေးရွက်ကြီးထည့်စားခြင်း၊ ကွမ်းယာထဲမှာ ပါဝင်တဲ့ ပြုပြင်ထားတဲ့ ဆေးပေါင်း၊ နပ်ဆေးများကို စားခြင်းကြောင့် နလုံးရောဂါ၊ သွေးတိုးရောဂါကဲ့သို့ နာတာရှည်ရောဂါများ၊ ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသံအိုးကင်ဆာ၊ လည်ချောင်းကင်ဆာနဲ့တခြားကင်ဆာရောဂါအမျိုးမျိုးကိုဖြစ်ပွားစေနိုင်ပါတယ်။

ကွမ်းယာကိုစည်းကမ်းမဲ့ထွေးမှုတွေကြောင့် လမ်းမများ၊ ဈေးဆိုင်များ စတဲ့ အများပြည်သူနဲ့ဆိုင်တဲ့နေရာအသီးသီးမှာကွမ်းတံထွေးတွေကိုမြင်တွေ့ရနိုင်ပါတယ်။ ဘတ်စ်ကားစီးနင်းစဉ် ကားမောင်းသူရော၊ ကွမ်းစားတဲ့ခရီးသည်ပါ ကားတံခါးအပြင်ဘက်ကို ကွမ်းတံထွေးများ စည်းကမ်းမဲ့စွာ လွယ်လင့်တကူ ထွေးနေမှုတွေကို နေ့စဉ်မြင်တွေ့ရလျက်ရှိပါတယ်။

ကွမ်းစားခြင်းကြောင့် မိမိကျန်းမာရေးအပေါ်မှာအကျိုးမပြုသလိုပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုတွေကိုလည်း ဖြစ်ပေါ်စေပါတယ်။ ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

■

The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Than Naing

**Senior Reporter/ Assistant Editor**
Thiha Ko Ko
Naing Naing Zaw

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# Foundation Certificate in Business and English for Young Adults Second Batch ကို July (၄) ရက်နေ့ဖွင့်မည်






စီးပွားရေးပညာရပ်ကို သင်တကယ် စိတ်ဝင်စားပါရဲ့လား။

စီးပွားရေးပညာရပ်ကိုစိတ်ဝင်စားသောတက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စီးပွားရေးပညာရပ်ကို ဆက်လက်လေ့လာဖို့ရာ အခြေခံကောင်းများ ရရှိစေမှာပါ။ အသက်မွေးလမ်းကြောင်းလုပ်ငန်းတိုင်းအတွက် မရှိမဖြစ်လိုအပ်မယ့် အင်္ဂလိပ်စာ၊ စီးပွားရေးဗဟုသုတ၊ လူမှုဆက်ဆံရေး၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။ တက်ရောက်လိုသူ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ English Level Test ကို ဖြေဆိုရမှာဖြစ်ပြီး မိမိနဲ့သင့်တော်မယ့် Level အလိုက် အင်္ဂလိပ်စာအတန်းများအပါအဝင် စုစုပေါင်း ဘာသာရပ် (၃) ခု ပါဝင်မှာဖြစ်ပါတယ်။

– အင်္ဂလိပ်စာကျွမ်းကျင်မှုအပြင်၊ ဗဟုသုတအစုံအလင်ရရှိပြီး Critical Thinking, Creative Thinking, Communication Skills, Self-management Skills များ တိုးတက်စေနိုင်ရန် ပျော်ရွှင်ဖွယ်နည်းလမ်းများနဲ့ သင်ကြားပေးမယ့် အင်္ဂလိပ်စာအတန်း။

– စီးပွားရေးပညာရပ်ကို လေ့လာလိုသူ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စီးပွားရေးလုပ်ငန်းများ လည်ပတ်နေပုံနဲ့ စီးပွားရေးဆိုင်ရာ ဗဟုသုတများ အစုံအလင် ရရှိနိုင်မယ့် Introduction to Business ဘာသာရပ်။

– လူငယ်များရဲ့ ဦးဆောင်မှုစွမ်းရည်များကို မြင့်မားလာစေမယ့် Leadership Skills, Interpersonal Skills, Presentation Skills များသင်ကြားရရှိနိုင်မယ့် Soft Skills for Business ဘာသာရပ်များကို ပြည်တွင်း/ပြည်ပမှ ဆရာ၊ ဆရာမများမှ သင်ကြားပေးသွားမှာဖြစ်ပါတယ်။

သင်တန်းကို ဇူလိုင်လ (၄) ရက်နေ့မှ ဩဂုတ်လ (၂၇) ရက်နေ့အထိ တစ်ပတ် (၄) ရက် တက်ရောက်ရမှာ ဖြစ်ပါတယ်။

မိမိဖြေဆိုထားသော Level Test အမှတ်အပေါ်မူတည်ပြီး Level အလိုက်တက်ရောက်ရမည့် အင်္ဂလိပ်စာအတန်းများ

- Elementary Level – 12:30 pm to 3:00 pm (Mon, Tue), U Khant Oak Soe
- Pre-Intermediate Level – 12:30 pm to 3:00 pm (Thu, Fri), U Khant Oak Soe
- Intermediate Level – 12:30 pm to 3:00 pm (Mon, Tue), Mr. Connor Macdonald

Foundation Certificate in Business and English for Young Adults သင်တန်းတွင်ပါဝင်သော တက်ရောက်ရမည့် သင်တန်းများ

- Introduction to Business – 10:00 am to 12:00 pm (Sat), U Htoo Zaw Wai
- Soft Skills for Business – 10:00 am to 12:00 pm (Wed), U Khant Oak Soe

သင်တန်းကြေး – (၂) သိန်းကျပ်

အင်္ဂလိပ်စာ Level Test ကို အခမဲ့ ဖြေဆိုရန်အတွက် စာရင်းပေးသွင်းနိုင်ပါပြီ။

Hotlines – (09)2507171 66-67-68

ဘုန်းမာန်အောင်

The Strategy First Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/8 page V (4.3 in x 3.5 in) | 25,000 ks | - |
| 1/4 page H (9 in x 3.5 in) | 50,000 ks | - |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | - |
| Half-page (9 in x 7 in) | 100,000 ks | - |
| Full-page (10 in x 15 in) | 200,000 ks | - |

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟောသဆဲ (Student Services Manager) 09 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းဈေး ၂၂၀၀ ကျပ်

ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်

ရန်ကုန် အိမ်အရောက် ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68




လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။

ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# အခုနှစ်တက္ကသိုလ်ဝင်တန်းအောင်ချက်ရလဒ်အပေါ် ဘယ်လိုမြင်သလဲ



**ဒေါ်နန်းရွှေရည်သိန်း**
**Lecturer**

ဒီနှစ်ပိုင်း နိုင်ငံမှာ အပြောင်းအလဲတွေ အတော်လေးတွေ့နေရပါတယ်။ နိုင်ငံတော်ရဲ့စီမံကိန်းအနေနဲ့အခြေခံမူလတန်းဆရာ၊ဆရာမတွေရဲ့ သင်ကြားမှုပုံစံပြောင်းလဲတာ တွေ့မြင်ရတော့၊ အခုနှစ်တက္ကသိုလ်ဝင်တန်းမှာ ဝင်ခွင့်သတ်မှတ်ချက်တွေကိုလည်း နည်းနည်းကြပ်မတ်လိုက်တယ်ထင်တယ်။ နိုင်ငံတကာပညာရေးအမြင်နဲ့ကြည့်ရင်ဝင်ခွင့်စည်းကမ်းတင်းလိုက်တာ နိုင်ငံအတွက်ကောင်းတယ်ထင်ပါတယ်။ပညာရေးမြင့်မှ လူ့စွမ်းအားအရင်းအမြစ်တွေမှာ တွေးခေါ်နိုင်စွမ်းတွေ ပိုပြီးမြင့်လာပြီး ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးနိုင်မှာပါ။ နိုင်ငံတွင်းက သဘာဝသယံဇာတတွေကတော့ အချိန်တန်ရင် ကုန်ခမ်းသွားနိုင်ပါတယ်။



**ဖြိုးဝေဟိန်း**
**( Business Management & Administration )**

ကိုယ်တိုင်ကြိုးစားဖို့ကသာ အဓိကပါပဲ။ မေးခွန်းပဲပြောင်းပြောင်း စာတွေ၊ စည်းကမ်းတွေ ပိုပြီးတင်းကြပ်တယ်ပဲဆိုဆို ကိုယ်ရဲ့ကြိုးစားမှုပါပဲ။ ကိုယ်ဖြစ်ချင်တာကို ဦးတည်ပြီး ကိုယ်ကဘယ်လောက်စိုက်ထုတ်သလဲပေါ့။ တချို့တွေမှာဘာသာစုံအခြေအနေတွေကောင်းပြီး အမှတ်စာရင်းထုတ်ကြည့်မှပဲ ဂုဏ်ထူးရတဲ့ဘာသာရပြီး တခြားဘာသာမှာ အမှတ်နည်းပြီးကျခဲ့တာပေါ့။ နဂိုမူလကတည်းက ကျောင်းစာမေးပွဲတွေမှာ ဘာအားနည်းသလဲဆိုတာသိပြီးပြင်ဆင်သင့်တာ။ပညာရေးကတော့ကျွန်တော်တို့နိုင်ငံအနေနဲ့ အများကြီးတင်းကြပ်ဖို့၊ ပြောင်းလဲဖို့လိုပါသေးတယ်။



**ကြည်သာထွန်း**
**( Financial Management)**

ကျွန်တော့်အထင်ပြောရရင်အဓိကကိုယ့်ရဲ့ကြိုးစားမှုပါပဲ။ အောင်ချက်ဘယ်လောက်ပဲနည်းနည်း ကျောင်းသားပေါ်ပဲမူတည်ပါတယ်။မိဘတွေကလည်း ကိုယ့်သားသမီးက ဘာဖြစ်ချင်သလဲဆိုတဲ့အပေါ်မှာ Trainလုပ်ပေးဖို့လိုပါတယ်။ နောက်တစ်ခုကလည်း တက္ကသိုလ်ဝင်တန်းအောင်လို့ လိုင်းတွေရွေးချယ်ရာမှာလည်း အမှတ်ကောင်းလို့ ဆရာဝန်ဖြစ်ရမယ်ဆိုတာထက် ကိုယ်ဝါသနာပါရာကိုပဲရွေးချယ်စေချင်ပါတယ်။ဘယ်ဘာသာပဲဖြစ်ဖြစ် ရွေးလို့ရတာပဲ။ နိုင်ငံ့ပညာရေးကောင်းဖို့ကတော့ မိဘ၊ ကျောင်းသား၊ ဆရာ (၃) ဦး ဘက်ညီဖို့လိုပါတယ်။အဆင်မြင့်ပညာရေးကောင်းဖို့ကလည်းကျောင်းသားတွေမှာအင်္ဂလိပ်စာနဲ့သင်္ချာဘာသာရပ်တွေ အခြေခိုင်ဖို့လိုပါတယ်။



**သော်ဇင်ဖြိုး**
**( Business Management & Administration )**

အခုနှစ် တက္ကသိုလ်ဝင်တန်းရလဒ်တွေမှာအမှန်တကယ်အရည်အသွေးတွေလိုချင်လို့လုပ်တာဆိုရင် နိုင်ငံအနေနဲ့ကြည့်ရင် ကောင်းပါတယ်။ တစ်ဖက်မှာလည်း မိဘတွေအမြင်နဲ့ဆိုရင် တစ်နှစ်တစ်နှစ်ရင်းရတဲ့ ငွေတွေက အများကြီးနောက်နှစ်ထားဖို့ဆိုတော့ သိပ်တော့မလွယ်ဘူး။လူငယ်တွေအပိုင်းနဲ့ကြည့်ရင် (၁၀) တန်းအခြေအနေ တစ်ခုတည်းနဲ့ယူမယ့်လိုင်းတွေခွဲတာကတော့ပုံစံမှန်တယ်လို့ မထင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာတက္ကသိုလ်ရွေးမယ့်နေရာမှာ ကြားခံချိန်နယ်ဖြစ်တဲ့ ကောလိပ်လေးတွေ ရှိစေချင်တယ်။ အဲဒီမှာ တစ်နှစ်လောက်ဘယ်လိုင်းက ဘယ်လိုရှိတယ်ဆိုတာ သိနိုင်ပြီးမှ သူ့ဘဝနဲ့ကိုက်ညီတဲ့ ဆရာဝန်၊ အင်ဂျင်နီယာ၊ တခြားမိတ်ဆက် အစီစဉ်တွေ သင်တဲ့ကျောင်းတွေရှိမှပဲ နိုင်ငံပညာရေးအတွက်ကော အများကြီးအထောက်အကူပြုပါမယ်။



**အေးသန္တာမိုး**
**( Marketing Research )**

အခုနှစ်မှာအစိုးရက အမှတ်ပေးစည်းမျဉ်းတွေ တင်းကြပ်လိုက်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ နောက်တစ်ခုရှိတာက အခုကျောင်းသားတွေ စာပေါ်မှာအာရုံစူးစိုက်မှု အားနည်းလာတယ်လို့မြင်ပါတယ်။ မြန်မာနိုင်ငံ ပညာရေးက Role သိပ်မညီဘူးဖြစ်နေတယ်။ တော်တဲ့သူကသိပ်တော်ပြီး ညံ့သူကလည်း အတော်ညံ့သွားတယ်။ တချို့ကျောင်းသားမိဘတွေကလည်း သားသမီးအပေါ်အလိုလိုက်တာများတယ်လို့ ထင်တယ်။ တကယ်လို့သာ အစိုးရက ပညာရေးကို နည်းနည်း စည်းကမ်းတင်းကြပ်တာဆိုရင် နိုင်ငံအနာဂတ်အတွက် လက်ခံရမှာပါ။



**ခင်မေထွေး**
**( Effective Supervisory Skills for Retail Services )**

မြန်မာနိုင်ငံရဲ့ပညာရေးက အများကြီးနိမ့်ကျနေသေးတော့ တိုးတက်အောင်လုပ်ရမှာတွေတော့ အများကြီးပေါ့။ဒီနှစ်တက္ကသိုလ်ဝင်တန်းမှာအောင်သူနည်းတယ်ဆိုတာက အစိုးရ ပြောသလို အရည်အချင်းကို တကယ်လိုချင်လို့လုပ်တာဆိုရင် လက်ခံရမယ့်အပိုင်းတော့ ရှိတယ်။ ဒါပေမဲ့ ဒီတစ်ခုတည်းနဲ့တော့ မရဘူး။ ဘက်ပေါင်းစုံက ပြုပြင်ရမယ်။ နောက်တစ်ခုက မိဘတွေကလည်း ကိုယ့်သားသမီးတွေကို အလိုလိုက်တာများတယ်လို့ထင်တယ်။ ဘော်ဒါတွေမှာ သွားထားပြီး စည်းကမ်းတွေမလိုက်နာလို့ကလေးကမပျော်ဘူးဆိုရင် တစ်နေရာပြောင်းနဲ့ ကြားထဲမှာ စာတွေလွတ်ကုန်တယ်။ ပညာရေးကတော့ အများကြီးလုပ်ယူဖို့လိုပါသေးတယ်။



**နှင်းထောမွန်**
**( NCC-Batch-1 )**

အခုပညာရေးစနစ်က ကောင်းတဲ့ဘက်ကိုသွားနေတယ်လို့ မြင်ပါတယ်။ အစိုးရဘက်ကကြည့်ရင် ကိုယ့်နိုင်ငံရဲ့ပညာရေးက တခြားနိုင်ငံတွေထက် နိမ့်နေသေးတော့ ပညာရေးပြောင်းလဲဖို့လုပ်တာဆိုရင်တော့ လက်ခံရမှာပါ။ ဒါပေမဲ့ ပညာရေးနဲ့ပတ်သက်ပြီး စည်းကမ်းတွေ၊ ဘာတွေတင်းကြပ်လာလို့ အကျအရှုံးတွေ များတာကို တော့ ကျောင်းသားမိဘတွေဘက်က လက်ခံနိုင်ဖို့တော့ လိုဦးမယ်။ တစ်နှစ်ကျောင်းစရိတ်က မနည်းဘူးဆိုတော့ သူ့တို့ဘက်ကကြည့်ရင်လည်းရင်းထားရတာတွေ ရှိတာပေါ့။



**ပိုင်ပိုင်ကြည်စိုး**
**( Financial Management )**

တက္ကသိုလ်ဝင်တန်းဆိုတာ လူတစ်ယောက်ရဲ့ကံ၊ဉာဏ်၊ ဝီရိယတွေအပေါ်အများကြီး အခြေခံပါတယ်။ ဉာဏ်တစ်ခုတည်းနဲ့လည်းပန်းတိုင်မရောက်နိုင်ပါဘူး။ အခုတက္ကသိုလ်ဝင်တန်းမှာ အခြေအနေမကောင်းလည်း တခြားနိုင်ငံတကာသင်တန်းတွေလည်း အများကြီးရှိသေးတော့ ကိုယ်တိုင် ထပ်ပြီးကြိုးစားသင့်ပါတယ်။ အသိပညာ၊အတတ်ပညာတွေကငွေကြေးထက် ပိုလို့တန်ဖိုးရှိပါတယ်။ ကိုယ့်ကိုတန်ဖိုးရှိအောင် ကိုယ်ရဲ့အမြင်တွေကိုပြောင်းလဲပြီး ရလဒ်တွေကောင်းအောင်ဆက်ပြီးကြိုးစားဖို့သာလိုပါတယ်။

in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study









# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည် အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- First Batch (2nd Intake) သင်တန်းများ ဇူလိုင်လ (၈) တွင် စတင်ပါမည်။ သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - ဇူလိုင်လ (3) ရက်
- သင်တန်းအတွက်သင်တန်းကြေးကို (၁၅) ကြိမ်အထိအရစ်ကျပေးသွင်းနိုင်ပါသည်။ Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Apply now: (09) 450177770**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

# The Conjuring 2 (2016)

Eefaxmref








ရုံတင်ပြသချိန်မှာ ပရိသတ်ရဲ့တစ်ခဲနက်အားပေးမှု ရရှိခဲ့ပြီး ဝင်ငွေအများဆုံးလည်း ရရှိခဲ့တဲ့ The Conjuring 2 (2016) ကို မိတ်ဆက်ပေးချင်ပါတယ်။ The Conjuring 2 က ၂၀၁၃ ခုနှစ်ကထွက်ရှိခဲ့တဲ့ The Conjuring ဇာတ်ကားရဲ့ အဆက်ဖြစ်ပါတယ်။ The Conjuring 2 က အင်မတန်ကြောက်စရာကောင်းတယ်လို့ နာမည်ကြီးလှတဲ့ Horror Movie အမျိုးအစားလည်းဖြစ်ပါတယ်။ အရင်ဇာတ်ကားဒါရိုက်တာဖြစ်သူ James Wan ကပဲ ဆက်လက်ရိုက်ကူးထားပြီး ၂၀၁၃ မှာ ထွက်ရှိခဲ့တဲ့ The Conjuring မှာ ပါဝင်ခဲ့တဲ့ အဓိကဇာတ်ကောင်တွေဖြစ်တဲ့ Ed နဲ့ Lorraine Warren တို့အဖြစ် Patrick Wilson နဲ့ Vera Farmiga တို့ကပဲ ဆက်လက် သရုပ်ဆောင်ထားတာကိုတွေ့ရပါတယ်။ The Conjuring 2 ဟာ Box Office မှာ ပထမနေရာရရှိခဲ့ပြီး ရုပ်ရှင်ဇာတ်လမ်းများကို Rating ပေးတဲ့ IMDB က 8.0 နဲ့ Rotten Tomatoes က 75 % တို့ ပေးထားပါတယ်။

ဇာတ်လမ်းအကျဉ်းပြောရမယ်ဆိုရင် ၁၉၇၇ ခုနှစ် အင်္ဂလန်နိုင်ငံကို နောက်ခံထားပြီး ရိုက်ကူးထားပါတယ်။ ထူးခြားတဲ့သဘာဝဖြစ်စဉ်တွေကို လိုက်လံစုံစမ်းစစ်ဆေးနေတဲ့ Ed နဲ့ Lorraine Warren တို့ လင်မယားဟာ ၁၉၇၇ ခုနှစ်မှာ အင်္ဂလန်နိုင်ငံ၊ မြောက်ပိုင်း Enfield ကို ရောက်လာခဲ့ပါတယ်။ အဲဒီမှာရှိတဲ့ ကလေး (၄) ယောက်အမေ Single Mother တစ်ယောက်က သူ့အိမ်မှာ မကောင်းဆိုးဝါးကပ်နေတယ်လို့ Ed နဲ့ Lorraine Warren တို့ကို လာပြောပါတယ်။ Ed နဲ့ Lorraine Warren တို့နှစ်ယောက်က ကလေးတစ်ယောက်မှာမကောင်းဆိုးဝါးပူးကပ်နေတဲ့သွင်ပြင်တွေမြင်တွေ့လာရတော့ ကလေးကိုကယ်တင်ဖို့လုပ်ရာကနေ သူတို့ကိုယ်တိုင်ပါ မကောင်းဆိုးဝါးရဲ့ ပစ်မှတ်တွေ ဖြစ်လာပါတော့တယ်။

ကလေးသရုပ်ဆောင် Janet အဖြစ် Madison Wolfe က ပီပီပြင်ပြင် သရုပ်ဆောင်ထားပြီး ဒီကားကို စထွက်ထွက်ခါစမှာ အလွန်ကြောက်စရာကောင်းတဲ့ ဇာတ်ကားဖြစ်ပြီး ရုပ်ရှင်ကြည့်ပြီး ကြောက်လန့်ကာ သေဆုံးသွားသူတွေရှိတယ်လို့တောင် ပြောကြပေမယ့် တကယ်တော့ အဲဒီလောက်ကြောက်စရာကောင်းတဲ့ကားမဟုတ်ပါဘူး။ သာမန်သရဲကားတွေလိုမျိုး Jump Scare နေရာတစ်ခုနှစ်ခုသာ လန့်စရာကောင်းတာဖြစ်ပြီး သာမန်သရဲကားတွေထက် ကောင်းတယ်လို့ပြောလို့ရတဲ့ ဇာတ်လမ်းဇာတ်အိမ်ကောင်းပြီး ကြည့်လို့ကောင်းတဲ့ Horror Movie တစ်ခုဖြစ်ပါတယ်။

ဒီဇာတ်ကားကို ၁၉၇၇ ခုနှစ်ကနေ ၁၉၇၉ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ Brimstown၊ Enfield မှာ တကယ်ဖြစ်ခဲ့တယ်လို့ ယူဆလို့ရတဲ့အဖြစ်အပျက်တွေကို အနည်းငယ် အခြေခံ ရိုက်ကူးထားတာဖြစ်ပါတယ်။

YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို ငှင်းဈေးရင်းအတိုင်း မှာယူနိုင်ပြီ။
မြန်မာပြည်အရောက်တန်ဖိုးမှာ = [နောက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးချိန် တစ်ပေါင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဆောင်ရမည်။)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်။
(အထူးအဖြစ် "Payments" မျိုးစုံကို 10% Charges ဖြင့်ဝန်ဆောင်မှုပေးပါမည်။)
ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။ မနက် - ၉ နာရီမှ ညနေ - ၆ နာရီအတွင်းဖွင့်သည်။
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အမြဲတွက်ချက်ပြီး ပြန်ပို့ပေးပါမည်။

မှာယူနိုင်သော ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items

စုံစမ်းရန် - ယင်းမာတေးသံသွင်း အမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် - ၀၁-၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉-၄၅၀၀၆၆၂၄၂၊ ဦးချောကြီး - ၀၉-၄၃၂၀၂၀၉၀

ဤနေရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd.
HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
Ph : 01-298909, 9010528, 9010529, 09-5110376
Email : info@royalx.net, mmo@royalx.net

# The 8 traits successful people have in common

SFJ Team

မင်္ဂလာပါ **Strategy First** Library မှ စာဖတ်ပရိသတ်များခင်ဗျာ။

ယခုလက်ရှိ အောင်မြင်ကျော်ကြားနေတဲ့ လူအများစုမှာ ဘယ်လိုအကျင့်လက္ခဏာတွေနဲ့ အောင်မြင်နေကြပါသလဲ၊ Bill Gates, Buffett Martha, Donald Trump, Oprah Winfrey စတဲ့ အောင်မြင်ကျော်ကြားနေသူများ အများစုက ဘာတွေလုပ်ခဲ့ပြီး ဘယ်လိုအကျင့်တွေကျင့်သုံးခဲ့လို့ အောင်မြင်လာခဲ့သလဲ စတဲ့ မေးခွန်းတွေကို စာရေးသူ Richard St.John က ၁၀ နှစ်လောက် သုတေသနများ ပြုလုပ်ခဲ့တဲ့အပြင် Bill Gates, Mantra Stewart, Richard Branson, Google Founder များနဲ့ တခြား အောင်မြင်ကျော်ကြားသူ အယောက် ၅၀၀ ကို လူတွေ့ အင်တာဗျူးများလည်း ပြုလုပ်ခဲ့ပြီး လေ့လာမှုတွေလည်းပြုလုပ်ခဲ့ပါတယ်။ လေ့လာမှုများမှ အောင်မြင်ကျော်ကြားနေသူများ အများစုမှာ ယေဘုယျအောင်မြင်ကျော်ကြားစေမယ့် အချက် (၈) ချက်ရှိနေတာကိုလေ့လာတွေ့ရှိခဲ့ပြီး စာရေးသူ Richard St. John ဟာ The 8 traits successful people have in common ကို ရေးသားခဲ့ပါတယ်။ ယခုစာအုပ်ထဲမှအချက် (၈) ချက်ဟာဆိုရင် အောင်မြင်မှုလမ်းကြောင်းကို




လျှောက်လှမ်းနေသူများအတွက် အခြေခံကျဆုံးသောအချက်များဖြစ်ပြီး စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစား၊ အနုပညာနှင့် ဘဝရဲ့ အရေးပါတဲ့ ဘယ်နယ်ပယ်မှာမဆို အောင်မြင်နိုင်လိမ့်မယ်လို့လည်းရေးသားထားပါသေးတယ်။

စာရေးသူ Richard St. John ဟာ စီးပွားရေးလုပ်ငန်းနယ်ပယ်မှာ Marketing ဂုရုဖြစ်တဲ့အပြင် သုတေသနလုပ်ငန်းများမှာပါ အောင်မြင်ရုံသာမက စွန့်ဦးတီထွင်လုပ်ငန်းများမှာပါ နာမည်ရ အောင်မြင်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာအားကစားဘက်မှာလည်းထူးချွန်သူတစ်ဦးဖြစ်တဲ့အလျောက် Judo အားကစားမှာ ခါးပတ်နက်ရထားသူလည်းဖြစ်တဲ့အပြင် မာရသွန်ပြိုင်ပွဲများလည်း ဝင်ရောက်ယှဉ်ပြိုင်ဖူးသူတစ်ဦးလည်းဖြစ်ပါတယ်။

အောင်မြင်တိုးတက်ရေးတက်ကြွမ်းအများစုနဲ့ ယခုစာအုပ်ကွာခြားစေတဲ့ အချက်များက စာရေးသူရဲ့ ကိုယ်ပိုင်ထင်မြင်ယူဆချက်များမဟုတ်ဘဲ တကယ့်လက်တွေ့မှာ အောင်မြင်နေသောသူများကို အင်တာဗျူးပြီး (၁၀) နှစ်ကျော် သုတေသနပြုလုပ်ထားတဲ့အချက်များကိုအခြေခံထားခြင်းပဲဖြစ်ပါတယ်။ စာအုပ်မှာ အချက် (၈) ချက်ကို အသေးစိတ်ဖော်ပြထားရုံမက ရုပ်ပုံများနှင့်ပါ စာဖတ်သူများ စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်တာကြောင့် အရောင်းရဆုံးစာရင်းဝင်စာအုပ်လည်းဖြစ်တာကြောင့်တိုးတက်အောင်မြင်ချင်သော စာဖတ်ပရိသတ်များအတွက် ဖော်ပြပေးလိုက်ရပါတယ်ခင်ဗျာ။ ။

■



# ကမ္ဘာပေါ်မှာ ခရီးသွားဖို့ အကောင်းဆုံးနိုင်ငံဖြစ်လာတဲ့ ကမ္ဘောဒီးယားကို သွားကြမယ်ဆိုရင်







SFJ Team

၂၀၁၆ ခုနှစ်အတွက်ကမ္ဘာပေါ်မှာခရီးသွားရောက်လည်ပတ်ဖို့ အကောင်းဆုံးသောနိုင်ငံအဖြစ်ကမ္ဘောဒီးယားနိုင်ငံကိုရွေးချယ်သတ်မှတ်လိုက်တယ်လို့ ဥရောပခရီးသွားလာရေးနဲ့ ကုန်သွယ်မှုဆိုင်ရာကောင်စီ (ECTT) က သတ်မှတ်ခဲ့ပါတယ်။

ယခုနှစ်အတွက် ကမ္ဘာပေါ်မှာ ခရီးသွားလာဖို့အတွက်အကောင်းဆုံးသောနေရာတစ်ခုကို ရွေးချယ်သတ်မှတ်ရာမှာ နိုင်ငံပေါင်း ၃၀ ကျော်ကို ဆန်ကာတင် ရွေးချယ်ခဲ့ပြီးတော့ အခုလိုမျိုး အာဆီယံနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားကို ရွေးချယ်သတ်မှတ်လိုက်တာဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံရဲ့ ပေါကြွယ်ဝလှတဲ့ ယဉ်ကျေးမှုနဲ့သမိုင်းကြောင်းဆိုင်ရာပြယုဂ်တွေ၊ ထူးခြားဆန်းကြယ်လှတဲ့ သဘာဝအလှတရားတွေကြောင့် ကမ္ဘာပေါ်မှာ ခရီးသွားလာရေး အကောင်းဆုံးနေရာအဖြစ် ကမ္ဘောဒီးယားနိုင်ငံ ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံက ယူနက်စကိုရဲ့ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ယဉ်ကျေးမှုနေရာနှစ်နေရာကြောင့် နာမည်ကျော်ကြားလျက်ရှိပါတယ်။ ပထမတစ်ခုက နိုင်ငံရဲ့ အနောက်မြောက်ပိုင်းကကမ္ဘာကျော်အန်ကောဝပ်ဘုရားကျောင်းဖြစ်ပြီးတော့ နောက်တစ်ခုက နိုင်ငံအနောက်မြောက်ပိုင်းနေရာကပင်ဖြစ်တဲ့ Preah Vihear ဘုရားကျောင်းဖြစ်ပါတယ်။ ဒါ့ပြင် ကမ္ဘောဒီးယားနိုင်ငံမှာခရီးသွားတွေအများအပြား စိတ်ဝင်စားကြတဲ့ နေရာပေါင်းများစွာ ရှိနေပါသေးတယ်။ ကမ္ဘောဒီးယားနိုင်ငံက ယမန်နှစ်တုန်းကတော့ နိုင်ငံခြားခရီးသွားဦးရေ ၄ ဒသမ ၈ သန်းကျော်ကို ဖိတ်ခေါ်ထားနိုင်ခဲ့ပါတယ်။

ခရီးသွားလာရေးဝက်ဘ်ဆိုက်ဖြစ်တဲ့ Lonely Planet က ကမ္ဘောဒီးယားနိုင်ငံကို သွားရောက်မယ်ဆိုရင် Top Choice အဖြစ် အန်ကောဝပ်ကျောင်းတော်၊ ဖနွမ်းပင်ရှိ Tuol Sleng Museum ၊ National Museum ၊ Preah Vihear ၊ Bayon စသော ယဉ်ကျေးမှုအမွေအနှစ်များဆီသို့ သွားရောက်လည်ပတ်ဖို့ လမ်းညွှန်ထားပါတယ်။

မြန်မာနိုင်ငံမှာ ခရီးသွားများက ပြည်ပခရီးစဉ်များသွားမယ်ဆိုရင် အာဆီယံနိုင်ငံများဖြစ်တဲ့ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံများသွားရောက်လည်ပတ်မှုများပြားလျက်ရှိပါတယ်။ ယနေ့အချိန်မှာ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်များကိုစီစဉ်တဲ့ ခရီးသွားကုမ္ပဏီများလည်း ရှိလာပြီး ကမ္ဘောဒီးယားနိုင်ငံခရီးစဉ်ကို (၄)ညအိပ်၊(၅)ရက်ခရီးစဉ်များနဲ့ စီစဉ်ဆောင်ရွက်လာနေကြပါတယ်။

"ကမ္ဘောဒီးယားနိုင်ငံဟာတကယ့်ကိုလုံခြုံစိတ်ချရပြီးတော့ ထူးခြားဆန်းပြားမှုတွေနဲ့ ပြည့်နက်နေတဲ့ ခရီးသွားနေရာတစ်ခုပါ၊ အဲဒီနိုင်ငံက ထူးခြားမှုတွေကို သင့်ရဲ့နှလုံးသားကို ထာဝရဖမ်းစားနိုင်ပါလိမ့်မယ်" လို့ ဥရောပခရီးသွားလာရေးနဲ့ ကုန်သွယ်မှုဆိုင်ရာကောင်စီ ECTT က ညွှန်းဆိုထားပါတယ်။

■

K&H TRAVELS
All Include | FLIGHT | HOTEL | CAR | BREAKFAST LUNCH DINNER

| | | | |
|---|---|---|---|
| Bangkok - Hua Hin<br>Oct 11 - 15 | 5Day/4Night<br>620$ | Vietnam Package<br>July 16 - 20 & Oct 13 - 17 | 5Day/4Night<br>655$ |
| Bangkok Package<br>Oct 15 - 18 | 4Day/3Night<br>480$ | Cambodia Package<br>July 15 - 19 & Oct 13 - 17 | 5Day/4Night<br>575$ |
| ဗုဒ္ဓဂယာ Package<br>Oct 08 - 15 | 8Day/7Night<br>1100$ | Sri Lanka Package<br>Aug 12 - 17 & Oct 11 - 15 | 6Day/5Night<br>1595$ |

July & October Group Package
Hot Line : 01 510 338, 09 777 620 470

The STRATEGY FIRST Times

# Amazon နောက်ကွယ်က စွန့်ဦးတီထွင်လုပ်ငန်းရှင် Jeff Bezos





Eefaxmref

၂၁ ရာစုမှာခေတ်စားနေတဲ့ Online ပေါ်မှာ ပစ္စည်းရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းတွေ အကြောင်းကိုလူတော်တော်များများသိကြမှာပါ။ နည်းပညာများ တိုးတက်လာတာနဲ့အမျှ ရောင်းဝယ်ဖောက်ကားမှုလည်း ပိုပြီးလျင်မြန်လွယ်ကူလာခဲ့ပါတယ်။ အခုဆိုရင် ကွန်ပျူတာ Keyboard မှာ Enter ခေါက်ရုံလောက်နဲ့ ပစ္စည်းများကိုဝန်ဆောင်မှုအကောင်းဆုံးနဲ့ဝယ်ယူနိုင်လာကြပါပြီ။ ATM card၊ Bank Cards များနဲ့လည်းဝယ်ယူနိုင်ပါတယ်။အခုဆိုရင်လည်း Online ပေါ်မှာ ကုန်ပစ္စည်းမျိုးစုံ ရောင်းဝယ်နေတဲ့ Website တစ်ခုဖြစ်တဲ့ Amazon ရဲ့တည်ထောင်သူ Jeff Bezos အကြောင်းကိုရေးသားဖော်ပြချင်ပါတယ်။ Jeff Bezos ကို ၁၉၆၄ ဇန်နဝါရီလ ၁၂ ရက်မှာ အမေရိကန်နိုင်ငံ Albuquerque ပြည်နယ် New Mexico မှာမွေးဖွားခဲ့ပါတယ်။သူဟာ Ted Jorgense နဲ့ Jacklyn Gise တို့ရဲ့သားဦးဖြစ်ပါတယ်။ ကံဆိုးလှတဲ့ (၄) နှစ်သားမှာ မိခင်ဖြစ်သူက Cuba က ပြောင်းရွှေ့လာတဲ့ Mike Bezos နဲ့လက်ထက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ Jeff Bezos အထက်တန်းတက်ရောက်ဖို့အတွက် သူတို့မိသားစုဟာ Miami ကိုပြောင်းရွှေ့အခြေချနေထိုင်ခဲ့ပါတယ်။ အထက်တန်းမှာပင် သူဟာ Dream Institute ဆိုတဲ့လုပ်ငန်းကိုတည်ထောင်ခဲ့ပါတယ်။၁၉၈၆ မှာ Bezos က Princeton University ကနေ Computer Science ၊ Electrical Engineering ဘွဲ့တို့ကို ရရှိခဲ့ပါတယ်။ ဘွဲ့ရပြီးနောက် နာမည်ကျော် Wall Street မှာ အလုပ်ဝင်လုပ်ခဲ့ပါတယ်။ Fitel၊ Bankers Trust၊ နဲ့ D.E Shaw မှာလုပ်ကိုင်ခဲ့ပါတယ်။ Wall Street မှာအလုပ်လုပ်နေရင်းနဲ့ပဲ Mack Enzie ဆိုသူနဲ့အိမ်ထောင်ကျခဲ့ပါတယ်။၁၉၉၀ မှာ Wall Street ရဲ့အသက်အငယ်ဆုံး Vice President ဖြစ်လာပါတယ်။ ၁၉၉၄ ခုနှစ်မှာတော့ အလုပ်ကထွက်ခဲ့ပြီးတော့ အွန်လိုင်းကူးသန်းရောင်းဝယ်ရေး (e-commerce) နယ်ပယ်ထဲကို ဝင်ရောက်ပြီး Online စာအုပ်ရောင်းဝယ်ရေး လုပ်ငန်းတစ်ခုကို စတင်ခဲ့ပါတယ်။ Bezos ဟာ ဝန်ထမ်းအနည်းငယ်နဲ့ Software တစ်ခုနဲ့ Website တစ်ခုကို စတင်စမ်းသပ်လုပ်ကိုင်ခဲ့ပါတယ်။သူ့ Website ကို မိတ်ဆွေပေါင်း ၁၀၀ ကိုခေါ်ပြီးစမ်းသုံးစေခဲ့ပြီး ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှာတော့ တောင်အာဖရိကတိုက်ကို ကွေ့ဝိုက်စီးဆင်းနေတဲ့ Amazon မြစ်ကို အစွဲပြုပြီးသမုတ်ထားတဲ့ သူ့ရဲ့ Amazon.com ကိုစတင်ခဲ့ပါတယ်။ Amazon. com မှာ အမေရိကန်နိုင်ငံမှာသာမက နိုင်ငံပေါင်း (၄၅) နိုင်ငံကို တစ်လအတွင်းမှာ ထိုးဖောက်ရောင်းချနိုင်ခဲ့ပါတယ်။ နှစ်လအတွင်းမှာ ရောင်းအားအမေရိကန်ဒေါ်လာ ၂၀၀၀၀ အထိ ရှိခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာစပြီးတော့ စာအုပ်အပြင် တခြားပစ္စည်းများ(CD၊ ဗီဒီယို၊ အဝတ်အထည်၊ အရုပ်စတာတွေ) ကို ရောင်းချခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်း ရောင်းအားမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံကျော်ရောင်းရခဲ့သည်အထိ Amazon က အောင်မြင်လာခဲ့ပါတယ်။ယခုဆိုရင် Jeff Bezos ရဲ့ Amazon မှာဝန်ထမ်းပေါင်း ၂၃၀၈၀၀ ရှိနေပြီဖြစ်ပြီးတော့ ကမ္ဘာတစ်ဝန်းမှာ Online Shopping၊ Web hosting နဲ့ Content Distribution စတဲ့လုပ်ငန်းတွေလုပ်ကိုင်ရင်း ရပ်တည်နေပါတယ်။






# ICM Single Subject Diploma in Business & Administration Management အတန်းသစ်များ စတင်တော့မည်

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေး စတင်တည်ထောင်ရန် စီစဉ်နေသူများ၊စီးပွားရေးစီမံခန့်ခွဲမှုပညာကိုစိတ်ဝင်စားသူများအတွက် Institute of Commercial Management (ICM, UK) မှ ချီးမြှင့်သော ICM Single Subject Diploma in Business Management & Administration သင်တန်းအတွက် စတင်စာရင်းပေးသွင်းအပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ (၅)လခွဲကြာမြင့်မည်ဖြစ်ပါသည်။ ICM စာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက Institute of Commercial Management (UK) မှ ပေးအပ်သော Single Subject Diploma များရရှိပါမည်။ ICM စာမေးပွဲများကို မြန်မာနိုင်ငံရှိ British Council မှ စီစဉ်ပေးသွားပါမည်။



**Business Management and Administration** တွင် သင်ကြားမည့်ခေါင်းစဉ်များမှာ –
The Organisational Background to Business Administration | The Management Framework to Business Administration | Characteristic Features of Organisations | The Structure of Business Enterprises | Functions within Organisations | The Production Function | The Purchasing Function | The Research & Development Function | The Marketing Function | Personnel Department | The Administrative Officer's Role | Office Administration | Other Responsibilities of the Administrative Officer

Session – 7 : Lecturer – Daw Khin Nwe Ohn, M.Com(YIE), B.Com(Hons)
Schedule - Every Saturday and Sunday – 6:00 to 8:30 pm (Accelerated)
Starting Date – 23 July 2016

Session – 8 : Lecturer – Daw Khin Nwe Ohn, M.Com(YIE), B.Com(Hons)
Schedule - Every Friday – 9:00 to 12:00 pm | Starting Date – 29 July 2016
Session – 9 : Lecturer – Daw Aye Aye Win, M.A (Int'l Business Studies) (Sophia), M.Com, B.Com(Hons) (YIE), Dip in English
Schedule - Every Monday – 6:00 pm to 8:30 pm | Starting Date – 25 July 2016
Program Fees – 395,000 kyats + 105 USD for exam & reg

## cuf ,jywf ,f

ဒီတစ်ပတ်မှာတော့ အရသာလည်းရှိပြီး ရိုးရှင်းလွယ်ကူတဲ့ Saba Shioyaki or Grilled Mackerel ပြုလုပ်နည်းကို ဖော်ပြပေးသွားပါမယ်။ ဂျပန်စားသောက်ဆိုင် တော်တော်များများမှာ ရောင်းချနေပြီး လူကြိုက်များတဲ့ ဆာဘာငါးကင်ကို တော်တော်များများလည်း ကြိုက်နှစ်သက်မယ်ထင်ပါတယ်။အဲ့ဒီငါးကင်ကိုကိုယ်တိုင် အချိန် မိနစ် (၂၀) လောက်ပေးပြီး ပြုလုပ်နိုင်မယ့်နည်းလမ်းလေးကို ပြောပြပေးပါမယ်ရှင်။

လိုအပ်တဲ့ပစ္စည်းတွေကတော့
ဆာဘာငါးတစ်ကောင်
ဆားအနည်းငယ်
ဂျပန် ပဲငံပြာရည်အနည်းငယ်
အပူခံအလူမီနီယမ်စာရွက်တို့ဖြစ်ပါတယ်။



သန့်စင်ပြီးသား ဆာဘာငါးကို များသောအားဖြင့် Market Place မှာ ဝယ်ယူရရှိနိုင်ပါတယ်။ ပထမဦးဆုံး ဆာဘာငါးကို ရေစင်အောင် ထပ်မံဆေးကြောပြီး အလယ်ကနေ တစ်ဝက်ပိုင်းပါ။ပြီးရင်တစ်ပိုင်းစီကိုထက်ဝက်ထပ်ပိုင်းပါ။ Paper Tower (တစ်ရှူးအထူ)နဲ့ ငါးမှာရှိနေတဲ့ အစိုဓာတ်ကို ခြောက်သွေ့သွားအောင် အသာလေးဖိထားပေးပါ။ ပြီးရင်တော့ ဆားအနည်းငယ်ကို ငါးတစ်ပိုင်းစီပေါ်တွင် ဖြူးပေးပါ။ ငံပြာရည်အရသာကြိုက်ပါကလည်း ပဲငံပြာရည် အနည်းငယ်ကို သုတ်လိမ်းပေးပါ။ Teriyaki

## arouf

ဆော့ကိုသုံးလည်းရပါတယ်။ ငါးထဲအရသာဝင်အောင် ခဏထားပါ။

ငါးကင်မယ့် ဒယ်အိုးပေါ်ကို အလူမီနီယမ်စာရွက်ကို အောက်ခံအဖြစ်သုံးပါ။ မီးဖိုပေါ်တင်ကာ အလူမီနီယမ်စာရွက်ပေါ်မှာ ဆီအနည်းငယ်သုတ်လိမ်းပေးပါ။ စုတ်တံရှိပါက စုတ်တံသုံးရင်ပိုကောင်းပါတယ်။ ဆီပေါ်လာတဲ့အခါ ဆား၊ ဆော့တို့နဲ့ နယ်ထားတဲ့ ငါးကို အရေခွံဘက်အခြမ်းက စကင်ပေးပါ။ (၇) မိနစ်ခန့်ပြီးတဲ့အခါ တစ်ဖက်လှန်ပေးပါ။ မျက်နှာပြင် (၂) ခုလုံး အညိုရောင်သမ်းလာရင် ရပါပြီ။

ငါးကင်တွေကို ဂျပန်ဂျင်းန၊ သံပုရာသီး၊ မုန်လာဥဖြူခြစ် စတာတွေနဲ့ တွဲဖက်သုံးဆောင်ပါက အရမ်းလိုက်ဖက်ပါတယ်။ အားလုံးလည်း မိနစ် (၂၀) လောက်အချိန်ပေးပြီးမိသားစုနဲ့အတူ ဆာဘာငါးကင်လေးလုပ်စားနိုင်ဖို့အတွက်ဖော်ပြပေးလိုက်ပါတယ်ရှင်။ ■






# အစားအသောက်နဲ့ အလုပ်ပြီးစီးမှု

သီဟ





ကျွန်တော်တို့နေ့စဉ် စားသောက်တဲ့အရာတွေကအလုပ်ချိန်မှာကျွန်တော်တို့ရဲ့စွမ်းဆောင်ရည် အတိမ်အနက်အပေါ်မှာ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါတယ်။

အာဟာရပြည့်ဝခြင်းက လုပ်ကိုင်နိုင်စွမ်းရည်တိုးတက်စေဖို့နဲ့ အလုပ်ခွင်မှာ လန်းဆန်းတက်ကြွနေဖို့အတွက် အရေးပါ,ပါတယ်။ ကျွန်တော်တို့ရဲ့ဦးနှောက်နဲ့ ခန္ဓာကို မှန်ကန်တဲ့အစားအသောက်တွေနဲ့ အားဖြည့်မယ်ဆိုရင် ကိုယ်ခန္ဓာအတွက်ကောင်းကျိုးတွေအနေနဲ့ ခံစားချက်၊မှတ်ဉာဏ်၊ တီထွင်နိုင်စွမ်းနဲ့ စဉ်းစားဆင်ခြင်နိုင်ရည်တွေကို ပိုကောင်းစေဖို့အတွက် အထောက်အကူပြုပါတယ်။

အမေရိကန်နိုင်ငံက ကျန်းမာရေး၊ စားသောက်ပုံနဲ့အလုပ်ပတ်ဝန်းကျင်မှာအလုပ်ပြီးစီးမှုဆိုင်ရာ စစ်တမ်းတစ်ခု ကောက်ယူချက်အရ နေ့စဉ်ကျန်းမာရေးညီညွတ်အောင် စားတဲ့လူတွေဟာ တခြားသူတွေထက် ၂၅ ရာခိုင်နှုန်းပိုပြီးအလုပ်မှာစွမ်းဆောင်ရည်ကောင်းပါတယ်။ တစ်ပတ်ကိုအသီးအရွက်နဲ့အသီးအနှံတွေ (၅) ပန်းကန်စားတဲ့လူတွေကတော့ သာမန်လူတွေထက် ၂၀ ရာခိုင်နှုန်း လုပ်ရည်ကိုင်ရည် ပိုရှိပါတယ်တဲ့။ ဝတဲ့လူတွေကျန်းမာစွာမစားသောက်တဲ့လူတွေနဲ့ယှဉ်ရင် အာဟာရမျှတစွာ စားပြီးပုံမှန်အားကစားလုပ်တဲ့လူတွေဟာ အလုပ်ပျက်နိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုနည်းပြီးတော့ လုပ်ကိုင်ရည် ၁၁ ရာခိုင်နှုန်းပါကောင်းတယ်လို့ သိရပါတယ်။

သင်ဟာ လုပ်ငန်းခွင်မှာ စွမ်းဆောင်ရည်ကောင်းဖို့ ကြိုးစားနေတယ်ဆိုရင် သင့်စားသောက်ပုံကို သေချာရွေးချယ်သင့်ပါတယ်။

လူ့ဦးနှောက်က ခန္ဓာကိုယ်တစ်ခုလုံးရဲ့(၂) ရာခိုင်နှုန်းသာအလေးချိန်ရှိပေမယ့်တစ်နေ့တာ စားသမျှကယ်လိုရီရဲ့၂၀ရာခိုင်နှုန်းကိုဦးနှောက်က အသုံးပြုပါတယ်။ အကောင်းဆုံးစွမ်းဆောင်နိုင်ဖို့အတွက် ဦးနှောက်က Glucose နဲ့ Fat(Good Fat) လုံလောက်စွာလိုပါတယ်။ အဲဒီ Glucose နဲ့ Fat က ဘယ်ကရသလဲဆိုတာ တော့အရေးကြီးပါတယ်။

ခန္ဓာကိုယ်က အစားအသောက်တွေကို ချေဖျက်ပုံခြင်းမတူညီပါဘူး။

Glucoseအရမ်းများပြီးမြန်မြန်ထုတ်လုပ်ပေးနိုင်တဲ့ အစားအစာတွေကိုစားတဲ့အခါ (ဥပမာ - Soda အချိုရည်၊ သကြား၊ ပေါင်မုန့်နဲ့ Pasta) မှာ သွေးထဲမှာ သကြားဓာတ် (Blood Sugar Level)မြန်မြန်ဆန်ဆန်တိုးလာပါတယ်။ ဒီအချိန်မှာ Energy Level ချက်ခြင်းတိုးလာပြီးတော့ စွမ်းဆောင်ရည် Productivity တိုးလာစေပါတယ်။ ဒါပေမဲ့ ခဏလောက်ကြာတဲ့အခါမှာတော့ လုပ်ကိုင်နိုင်စွမ်းပြန်ကျသွားပြီး ပင်ပန်းကာ အိပ်ငိုက်လာတတ်ပါတယ်။

ဒီလိုသကြားများတဲ့ အစားအသောက်တွေဟာ Glucose ထုတ်လုပ်မှုများစေပြီးတော့ Glucose Level ပြန်ကျသွားတဲ့အချိန်မှာ Sugar Crash လို့ခေါ်တဲ့အာရုံစူးစိုက်လို့မရတာ၊ပင်ပန်းတာ၊ စိတ်လှုပ်ရှားတာတွေကို ဖြစ်စေပါတယ်။ ကယ်လိုရီအရမ်းများတဲ့အသား အစာတွေဖြစ်တဲ့ဘာဂါနဲ့ အာလူးကြော်တို့ဟာလည်း စားသုံးသူကို အိပ်ငိုက်လာစေပါတယ်။

ရလဒ်ကတော့ လုပ်ကိုင်နိုင်စွမ်းလည်း ကျစေတာပဲဖြစ်ပါတယ်။ ပိုပြီးကြာရှည်စွာ ခွန်အားပြည့်ဝစေတဲ့အစားအသောက်တွေဖြစ်တဲ့အသီးအရွက်၊ သစ်သီး (Low Glycemice Carbohydrates) နဲ့ ပရိုတင်းအသားဓာတ်နဲ့ Healthy Fat တွေပါတဲ့ အစာတွေ စားမယ်ဆိုရင်တော့ ကိုယ်ခန္ဓာကိုရော ဦးနှောက်ကိုပါ အချိန်ချိန်ကြာကြာ အားဖြည့်ပေးနိုင်ပါတယ်။



FrieslandCampina

Friesland Campina is one of the world's five largest dairy companies, with roughly 20.000 employers and the annual revenue of 11.4 billion euro. Today we are serving the Myanmar Market with brands like Dutch Lady, Foremost, My Boy, Falcon and Yomost. We offer competitive salaries and attractive benefits package, as well as a dynamic working environment.

**About the role-Distributor Sales Manager**

- Handling day to day operation of distributor sales operation
- Ensure sales plans and key account strategies are implemented
- Responsible for direct selling in key carrier accounts, solving moderately complex issue from internal and external customers, variables to identify root cause within job area
- Lead the functional teams towards the launch and promotion of the product

**Key criteria of Employability**

- Customer Management
- Sales management, distributor/area management experience in FMCG/retail channel
- Understanding Business Sales Review, Cost and Budget Management
- Understanding Personnel Management and Team Development

**Required skills & Character**

- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills, Proficiency of MS Office and English knowledge will be a bonus
- Passionate team player, Pragmatic, Flexible and results-oriented
- must have valid driving license and willing to travel

Interested and qualified candidates are encouraged to send resume yuwah.mon@frieslandcampina.com or MICT Park, Building 18, Level 6, Hlaing Township, Yangon not later than 31st May 2016. 01-2305374/5 (ext; 122)

# ပြည်တွင်းလိုအပ်ချက်အတွက်သာ သစ်ကုန်ကြမ်းများကို ထုတ်လုပ်သွားမယ်

၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် အတွင်းကျွန်းနဲ့သစ်မာထုတ်လုပ်မှုကို လုံးဝရပ်နားကာ နောက်လာမယ့်နှစ်များမှာ တောထွက်ပမာဏကို သိသိသာသာလျှော့ချပြီး ပြည်တွင်းလိုအပ်ချက်အတွက်သာထုတ်လုပ်သွားမယ်လို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ FRA 2015 အရ နိုင်ငံဧရိယာရဲ့ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းမှာ သစ်တောများ ဖုံးလွှမ်းလျက်ရှိနေသေးပြီး သဘာဝသယံဇာတရင်းမြစ်တွေကို ထုတ်ယူသုံးစွဲရာမှာ အကန့်အသတ်နဲ့ စနစ်တကျ ထုတ်ယူသုံးစွဲဖို့ အရေးကြီးလျက်ရှိပါတယ်။

မြန်မာ့ကျွန်းသစ်မူရင်းဒေသပဲခူးရိုးမကို ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ၁၀ နှစ်အထိ ကျွန်းနဲ့ သစ်မာထုတ်လုပ်ခြင်းမပြုဘဲ အနားပေးဆောင်ရွက်သွားဖို့အတွက် ဆွေးနွေးသုံးသပ်ထားတယ်လို့ သိရပါတယ်။

**SFJ Team**

# မြို့ပတ်ရထားလက်မှတ်ခတွေကို ခရီးမိုင်အလိုက် ပြောင်းလဲကောက်ခံ

မြို့ပတ်ရထားလက်မှတ်ခတွေကို ခရီးမိုင်အလိုက်ပြောင်းလဲကောက်ခံမှုစတင်နေပြီလို့ မြန်မာ့မီးရထား၊ ရထားပြေးဆွဲမှုတာဝန်ခံရုံးထံက သိရပါတယ်။



ရထားအလိုက် အမျိုးအစားခွဲ ကောက်ခံနေတဲ့ လက်မှတ်ခသတ်မှတ်တဲ့စနစ်အစား သွားတဲ့ခရီးမိုင်အလိုက် ပြောင်းလဲကောက်ခံစနစ်ကြောင့် ရထားစီးနင်းသူတွေ ငွေကုန်ကြေးကျပိုမိုသက်သာသွားနိုင်မှာဖြစ်တယ်လို့ မြန်မာ့မီးရထား တာဝန်ရှိသူကပြောပါတယ်။

ယခင် RBE လက်မှတ်ခ၊ အထူးတွဲဆိုင်းစီးလက်မှတ်ခနဲ့ ရိုးရိုးလက်မှတ်ခအဖြစ် (၃) မျိုးခွဲ ကောက်ခံတဲ့ စနစ်နေရာမှာ ၁၅မိုင်အောက်ခရီးစဉ်ကိုလက်မှတ်ခ၁၀၀နဲ့၁၅မိုင်အထက်ခရီးစဉ်ကို လက်မှတ်ခ ၂၀၀ ပုံသေ ပြောင်းလဲ သတ်မှတ်လိုက်တာဖြစ်ပါတယ်။ ခရီးမိုင်အလိုက် ရထားလက်မှတ်ခ ပြောင်းလဲကောက်ခံမှုနဲ့အတူ လပေးရထားစီးနင်းကဒ်တွေကိုလည်း လက်ခံဝန်ဆောင်မှု ပေးနေတယ်လို့ သိရပါတယ်။

ရထားစီးသူတွေအနေနဲ့ ဘယ်ရထားကိုမဆို လိုက်ပါစီးနင်းနိုင်ပြီး ရထားတွဲဆိုင်းများစီးမှုနဲ့လက်မှတ်ခနဲ့ တွဲဆိုင်းကွဲလွဲမှုတွေမကြုံတွေ့နိုင်ဘူးလို့ဆိုပါတယ်။

**SFJ Team**

# မြန်မာ့ကုန်သွယ်မှုကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံကျော်ထိရှိလာ

၂၀၁၆-၁၇ ဘဏ္ဍာနှစ် (၂) လကျော်ကာလအတွင်းမြန်မာ့ကုန်သွယ်မှုကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံကျော်အထိရောက်ရှိလာခဲ့ပြီးယခင်ဘဏ္ဍာနှစ်ကာလလူကုန်သွယ်မှုထပ်ပိုမိုလာနေတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရပါတယ်။

အခုဘဏ္ဍာနှစ် ဇွန်လဒုတိယအပတ်ထိ ပြည်ပပို့ကုန် တင်ပို့မှုမှ ကန်ဒေါ်လာ ၂ ဘီလီယံကျော်အထိရောက်ရှိလာခဲ့ပြီး သွင်းကုန်ပစ္စည်းကုန်သွယ်မှုအနေနဲ့ ကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကျော်အထိ ရောက်ရှိလာခဲ့ပါတယ်။

ဒါဟာပြီးခဲ့တဲ့ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုထက်နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၂၇၇ သန်းကျော် မြင့်တက်လာတာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ နောက်ဆုံးထုတ်ပြန်ချက်အရ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၅၂ သန်း၊ ရေထွက်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှကန်ဒေါ်လာ၉၉သန်း၊ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ၄၁သန်း၊သစ်တောထွက်ပစ္စည်းတင်ပို့မှုမှကန်ဒေါ်လာ၄၅သန်း၊ စက်မှုကုန်ချောတင်ပို့မှုကကန်ဒေါ်လာ ၁၀၄၂ သန်းနဲ့ တခြားပို့ကုန်ပစ္စည်းတင်ပို့မှုတွေမှကန်ဒေါ်လာ ၂၉၉ သန်းရရှိထားပါတယ်။

**SFJ Team**

# EU မှ ဗြိတိန်ခွဲထွက်ရေးရလဒ်ထွက်ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် David Cameron ရာထူးမှနုတ်ထွက်

ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂ EU (European Union) မှာဆက်နေဖို့နဲ့ နုတ်ထွက်ဖို့ကိစ္စကို ဇွန်လ(၂၃) ရက်နေ့မှာ မဲဆန္ဒခံယူပွဲပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ မဲရလဒ်တွေဟာ EU ကထွက်ခွာဖို့ မဲပေး ရာခိုင်နှုန်း ၅၁ ဒသမ ၈ ရှိခဲ့ပြီး ဗြိတိန်ဟာ EU ကနေ တရားဝင်နုတ်ထွက်သွားပြီ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲမဲရေတွက်မှုနဲ့ရလဒ်တွေကိုကြေငြာပြီး နာရီပိုင်းအတွင်းမှာပဲ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၂၀၁၀ခုနှစ်ကတည်းကတာဝန်ယူထားတဲ့ David Cameron ဟာဝန်ကြီးချုပ်ရာထူးကနေ နုတ်ထွက်သွားပြီဖြစ်ပါတယ်။

David Cameron ဟာဗြိတိန်နိုင်ငံကို ဥရောပသမဂ္ဂမှာ ဆက်ရှိနေဖို့အတွက် ကြိုးစားလုပ်ဆောင်ခဲ့တဲ့သူဖြစ်ပေမယ့် အခုတော့ ဗြိတိန်နိုင်ငံဟာသူ့လက်ထက်မှာ EU ကနေနုတ်ထွက်သွားပြီဖြစ်ပါတယ်။

အခုလိုရာထူးကနုတ်ထွက်ခြင်းနဲ့ပတ်သက်ပြီးတော့ Cameron က ဗြိတိန်နိုင်ငံသားတွေရဲ့ဆန္ဒကို လေးစား အသိအမှတ်ပြုရမှာဖြစ်ပြီးတော့ နိုင်ငံအနေနဲ့လည်း ခေါင်းဆောင်အသစ် လိုအပ်မှာဖြစ်တယ်လို့ ပြောပါတယ်။

**SFJ Team**

# အီးယူကနေ ဗြိတိန်ထွက်လိုက်တာက ကမ္ဘာ့စီးပွားရေးပိုင်းအတွက် မသေချာမရေရာမှုတွေ ဖြစ်စေခဲ့

အီးယူကနေထွက်ဖို့ဗြိတိန်နိုင်ငံမဲပေးဆုံးဖြတ်လိုက်ခဲ့တဲ့နောက်ပိုင်းမှာ ယင်းအခြေအနေကြောင့် ကမ္ဘာ့စီးပွားရေးအပေါ်မှာ မသေချာမရေရာမှုတွေ ရှိလာစေခဲ့တယ်လို့ စီးပွားရေးကျွမ်းကျင်ပညာရှင်တွေက ပြောဆိုလိုက်တယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

ဇွန်လ ၂၃ ရက် မဲဆန္ဒခံယူပွဲမတိုင်ခင်ကတည်းက အီးယူကနေ ဗြိတိန်ထွက်ခဲ့ပါက အခြားဆက်စပ်ထိခိုက်ပျက်စီးမှုတွေဖြစ်လာနိုင်တယ်လို့ ကမ္ဘာတစ်ဝန်းက စီးပွားရေးအဖွဲ့အစည်းအများအပြားက သတိပေးပြောကြားမှုတွေ ထွက်ပေါ်ထားခဲ့တာဖြစ်ပါတယ်။

အလားတူနိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ယင်းဆန္ဒခံယူပွဲဟာ ကမ္ဘာ့စီးပွားရေးအတွက် ဆိုးကျိုးတွေ သက်ရောက်လာနိုင်တယ်လို့ ဆိုထားခဲ့ပါတယ်။

"ဗြိတိန် အီးယူကနေ ထွက်မယ်ဆိုရင်တော့ ဥရောပဒေသတွင်းရော၊ ကမ္ဘာ့တစ်ဝန်းကစီးပွားရေးပိုင်းအပေါ် ထိခိုက်သက်ရောက်မှုတွေ ရှိလာနိုင်မှာပါ၊လက်ရှိတည်ထောင်ထားပြီးတဲ့ ကုန်သွယ်မှုဆက်ဆံရေးပိုင်းအပေါ်မှာ အဟန့်အတားတွေ ဖြစ်လာစေနိုင်ပါတယ်" ဆိုပြီး IMF ရဲ့စီးပွားရေးပညာရှင် Maurice Obstfeld က သတိပေးထားခဲ့ပါတယ်။

**CNN**

# အာရှသားတွေ ပိုမိုချမ်းသာကြွယ်ဝလာခဲ့ပြီး မှတ်တိုင်သစ်တစ်ခုစိုက်နိုင်ခဲ့

အာရှ-ပစိဖိတ် ဒေသတစ်လွှားက သန်းကြွယ်သူဌေးတွေရဲ့စုစုပေါင်းချမ်းသာကြွယ်ဝမှုဟာယမန်နှစ် ၂၀၁၅ ခုနှစ်အရောက်မှာပဲဒေါ်လာ၁၇ဒသမ ၄ထရီလီယံထိကိုရောက်ရှိလာခဲ့တယ်လို့ ပြင်သစ်အတိုင်ပင်ခံလုပ်ငန်း Capgemini ရဲ့ ကမ္ဘာ့ချမ်းသာကြွယ်ဝမှု အစီရင်ခံစာမှာ ထုတ်ပြန်ပြောကြားသွားပါတယ်။ အထက်ပါပမာဏဟာ ၂၀၁၄ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းနီးပါး ပိုမိုတိုးတက် များပြားလာခဲ့တာလို့လည်းသိရပါတယ်။

အစီရင်ခံစာအရ ခုလိုမျိုး အာရှဒေသကသန်းကြွယ်သူဌေးကြီးတွေရဲ့ ချမ်းသာကြွယ်ဝမှုက မြောက်အမေရိကမှာ နေထိုင်နေကြတဲ့ သူဌေးကြီးတွေထက် သာလွန်ပြီး ထိပ်ဆုံးမှာ ပထမဆုံးအကြိမ် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်လို့ ဆိုထားပါတယ်။

**CNA**

# Volkswagen ကုမ္ပဏီ နစ်နာကြေးပေးဖို့ တောင်းဆိုခံနေရ




မီးခိုးငွေ့ထုတ်လွှတ်မှုပိုင်းမှာ မမှန်မကန်လုပ်ထားတာကြောင့် ထိခိုက်နစ်နာခဲ့ရတဲ့ အမေရိကန်ကားဝယ်သူတွေကို Volkswagen ကားကုမ္ပဏီက နစ်နာကြေးပြန်ထုတ်ပေးမယ့် သတင်းတွေထွက်ပေါ်လာခဲ့တဲ့နောက်မှာတော့ ဥရောပဒေသက ကားဝယ်ယူထားသူတွေကိုလည်း အလားတူနစ်နာကြေး တစ်ရပ်ပေးသင့်တယ်ဆိုပြီး အီးယူကော်မရှင်နာက တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

ဂျာမန် ကားကုမ္ပဏီ အနေနဲ့ မိမိတို့ ဥရောပဒေသမှာရှိတဲ့ ထိခိုက်နစ်နာရသူတွေကိုလည်းအမေရိကန်မှာလို ညီမျှတဲ့ နစ်နာကြေးတွေ ပြန်ထုတ်ပေးသင့်တယ်လို့ဥရောပသမဂ္ဂရဲ့ စက်မှုလုပ်ငန်း ကော်မရှင်နာ Elzbieta Bienkowska က ပြောသွားတာဖြစ်ပါတယ်။

"Volkswagenအနေနဲ့တာဝန်သိစွာနဲ့ ဥရောပဒေသက ကားပိုင်ရှင်တွေကိုလည်း လျော်ကြေးတွေ ထုတ်ပေးသင့်ပါတယ်။အမေရိကန်ကကားဝယ်သူတွေကိုပေးမယ့်တန်ဖိုးအတိုင်း အညီအမျှပေးရပါလိမ့်မယ်" ဆိုပြီးရင်းက ထုတ်ပြောသွားတာဖြစ်ပါတယ်။

**IBT**

# Why giving away our wealth has been the most satisfying thing we've done

STRATEGY FIRST Timesရဲ့Ted Talk ကဏ္ဍ Ted.com ကကမ္ဘာကျော်တွေ နဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Videoဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့QR Codeကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Applicationတွေကိုတော့ Google Playstore၊ App Storeတို့ ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Bill Gates နဲ့ Melinda Gates တို့ ရဲ့ Why giving away our wealth has been the most satisfying thing we've done ဆိုတဲ့ Video တိုလေးကိုဖော်ပြမှာဖြစ်ပါတယ်။

၁၉၉၃ ခုနှစ်မှာ Bill နဲ့ Melinda Gatesတို့ဟာကမ်းစပ်တစ်ခုမှာလမ်းလျှောက်ရင်းနဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ပါတယ်။ သူတို့ရဲ့Microsoft က ရရှိခဲ့တဲ့အကျိုးအမြတ်တွေကို လူမှုပတ်ဝန်းကျင်အတွက် ပြန်လည်ပေးဆပ်ဖို့ပါပဲ။ Ted Talk နဲ့ သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမေးမြန်းခန်းမှာ Bill Gatesက သူတို့ရဲ့ဖောင်ဒေးရှင်းအဖွဲ့ဖြစ်တဲ့ Bill & Melinda Gates



Foundation ကလုပ်ဆောင်ချက်တွေ၊ သူတို့မိသားစုအကြောင်း၊ အရင်တုန်းက ကျရှုံးခဲ့ဖူးတဲ့ အကြောင်းတွေကိုပြောပြပြီးတော့ သူတို့အတွက် အပျော်ရွှင်ရဆုံးက ငွေတွေသူများအတွက်ပေးလှူရတာပဲ ဖြစ်တယ်လို့ ပြောပါတယ်။

သင်တို့ကတော့ ဘယ်လိုတွေးနေမလဲဆိုတာသိပါတယ် "ကိုယ့်ဟာကိုယ်တောင် အဆင်ပြေအောင် ကြိုးစားနေရတာ၊ဝင်ငွေပိုကောင်းလာမှပဲ သူများတွေကို ပေးတော့မယ်လို့ စဉ်းစားမိမှာပါ။

သင်က ထီပေါက်လို့ပဲဖြစ်ဖြစ် ဝင်ငွေပိုရလာလို့ပဲဖြစ်ဖြစ် သူများတွေကို ပေးကမ်းကူညီနိုင်ဖို့ အခွင့်အရေးတွေ အများကြီးရှိကပါတယ်။ ကူညီတယ်ဆိုတာငွေကြေးပေးမှမဟုတ်ပါဘူးလို့ Gates တို့ လင်မယားနှစ်ယောက်က ပြောပါတယ်။

ကမ္ဘာကြီးကို ပြောင်းလဲစေဖို့အတွက် ကြိုးစားအားထုတ်မှုက တစ်ခါတလေကျရင်အကြောင်းအရာသေးသေးလေးတွေက စတတ်ပါတယ်။ သင်ဟာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဆိုရင်သာမန်လူတွေမှာမရှိတဲ့ အရည်အချင်းတွေ ရှိတတ်ပါတယ်။ ဒီအရည်အချင်းတွေကိုအသုံးပြုပါ၊သင့်ပတ်ဝန်းကျင်၊နိုင်ငံနဲ့ ကမ္ဘာကြီးကို ပိုတိုးတက်ပြောင်းလဲစေဖို့အတွက်သင့်မှာအရည်အချင်းရှိတယ်ဆိုတာ သံသယမဖြစ်သင့်တဲ့အကြောင်းကို ဒီဗီဒီယိုလေးကို ကြည့်ရင်း သိလာမှာဖြစ်ပါတယ်။

ပြီးတော့ ချမ်းသာကြွယ်ဝမှုဆိုတာတစ်ချိန်ကျရင်ကိုယ်နဲ့ယူသွားလို့မရပါဘူး။Bill နဲ့ Melinda Gates တို့လိုလူချမ်းသာတွေတောင်ဒီအချက်ကိုလက်ခံနိုင်ရင်ကျွန်တော်တို့လည်း လက်ခံနိုင်ပါတယ်။

## Strategy First Times Crosswords



**Clues - CLASS ROOM**

**Across**

1. Use it to add numbers
3. Write with this
5. You can write with this, too.
8. You read this.
9. White and blank

**Down**

1. A useful tool for almost anything
2. You measure with this.
4. It writes on the blackboard.
6. A view of the world.
7. Where you sit to write.

## အရင်အပတ်မှ Crosswords အဖြေများ

**Clues - On Food**

**Across**

4. flour
5. egg
6. chicken
7. pork
8. pasta
10. cheese
11. milk

**Down**

1. popcorn
2. fruit
3. vegetables
7. pizza
9. steak






# STEPS – Social Enterprise Community For Myanmar နဲ့ ဂျပန်ကိုသွားခဲ့တဲ့ ကိုသုတဇော်ရဲ့ လေ့လာရေးခရီးအကြောင်း

Eefaxmref








**မေး။ ။ STEPS - Social Enterprise Community For Myanmar ပြိုင်ပွဲအကြောင်းကို ပြောပြပေးပါ။**

**ဖြေ။ ။** ပြိုင်ပွဲအကြောင်းကိုမပြောခင်မှာ Social Enterpriseရဲ့အဓိပ္ပာယ်ကို ပြောပြချင်ပါတယ်။ Social Enterprise က "လူမှုစီးပွားရေးလုပ်ငန်း" လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လူမှုစီးပွားရေးလုပ်ငန်းဟာ အမြတ်ကို အဓိကမထားဘဲ လူမှုပတ်ဝန်းကျင်ရဲ့ အကျိုးအမြတ်ကိုသာ အဓိကထားပြီး လုပ်ဆောင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလို့ပြောချင်ပါတယ်။ ဥပမာပေးရရင် Daw Phyu Ei Thein (Sunflowers)၊ Eileen Lui (Soyai – Childer of Tomorrow Youth)တို့ကသူတို့ရဲ့ကိုယ်ကျိုးအတွက်မငဲ့ဘဲ ကလေးတွေ ပညာသင်ရေးအတွက်၊ မိန်းကလေးတွေအလုပ်ရရေးအတွက် လုပ်ဆောင်နေကြပါတယ်။ STEPS (လူငယ်လေးဦးမှ) စီစဉ်ကျင်းပတဲ့ လူမှုစီးပွားရေးလုပ်ငန်းအတွေးအခေါ်ပြိုင်ပွဲကို မတ် ၂၃ ရက်မှာ ပြည်လမ်း၊ STRATEGY FIRST INSTITUTE မှာ ကျင်းပခဲ့ပါတယ်။ ပထမပိုင်းမှာတော့ မိမိကဘာစီးပွားရေးလုပ်ရမယ်ဆိုတာကို စဉ်းစားခိုင်းတယ်။ ဒုတိယအပိုင်းမှာ 5 Minutes Presentation လုပ်ခိုင်းပါတယ်။ (၈) ဖွဲ့ထဲမှာ (၇) ဖွဲ့က အနိုင်ရသွားခဲ့တယ်။ အဖွဲ့ (၇) ဖွဲ့က မတ် (၂၆) ရက်မှာ UMFCCI မှာကျင်းပတဲ့ Final အဆင့်ကို ဝင်ပြိုင်ရပါတယ်။ ပထမဆုရတဲ့ အဖွဲ့ကို ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ SLUSH ASIA ပွဲကို တက်ခွင့်ရမှာဖြစ်ပါတယ်။ Final ပွဲမှာ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က Social Enterpriseရဲ့အကြောင်း၊ Social Enterprise လုပ်သင့်ပုံအကြောင်းတွေကို ပြောပြသွားခဲ့တယ်။ STRATEGY FIRST INSTITUTE ကျောင်းအုပ်ဆရာဦးအောင်ချစ်ခင်၊ Daw Phyu Ei Thein ( Sunflower) စတဲ့ ပုဂ္ဂိုလ်တွေက Organizer အဖြစ် အကဲဖြတ်ပေးတယ်။

**မေး။ အစ်ကိုဘယ်လို Idea၊ Creationတွေနဲ့ ဒီပြိုင်ပွဲမှာ ပထမဆုကို ရရှိခဲ့တာလဲ။**

**ဖြေ။** အမှန်တကယ်ပြောရမယ်ဆိုရင်ကျွန်တော်က ဒီပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ စိတ်ကူးမရှိခဲ့ပါဘူး။ ဆရာဦးအောင်ချစ်ခင်က တွန်းအားပေးလို့ ဝင်ပြိုင်ဖြစ်ခဲ့တယ်။ Team ဖွဲ့တဲ့အခါမှာ ကိုထက်မြက်နန္ဒနဲ့ ကိုကျော်လင်းနိုင်တို့နဲ့ တွေ့ခဲ့တယ်။ Teamနာမည်ကိုOculusလို့အမည်ပေးခဲ့တယ်။ ကျွန်တော်တို့ Idea တွေ မဆွေးနွေးခင်မှာ တခြားသော Group တွေရဲ့ Idea တွေကို လိုက်လေ့လာတယ်။ ပြောရမယ်ဆိုရင် Team တိုင်းလိုလိုက ပစ္စည်းရောင်းမယ်၊ Services ရောင်းမယ်ချည်းပဲ။ Team က အစ်ကိုတွေနဲ့ တိုင်ပင်ကြည့်တော့ကအခုမြန်မာနိုင်ငံမှာအဓိကလိုအပ်နေတာက ပညာရေးပါ။ နောက်တော့ ကျွန်တော်စဉ်းစားကြည့်လိုက်တယ်။ ဆယ်တန်းစာမေးပွဲအပြီးမှာတက္ကသိုလ်မတက်ခင်ဝေလေလေဖြစ်နေခဲ့တယ်။ တက္ကသိုလ်တက်ပြန်တော့လည်းဘာမှမသိဘဲနဲ့ Dentistကိုတက်ခဲ့တယ်။ နောက် Generation တွေကို ကျွန်တော်လိုဖြစ်မှာစိုးလို့ စာမေးပွဲဖြေပြီးတဲ့ ကလေးတွေရဲ့စာအုပ်ကိုယူပြီး ငွေရေးကြေးရေးမတတ်နိုင်တဲ့သူကိုပေးမယ်၊ နောက်တစ်ခုက ဆယ်တန်းဖြေပြီးအောင်စာရင်းမထွက်ခင်အတောအတွင်းမှာ သင်တန်းတစ်ခု ဖွင့်မယ်၊ အဲဒီသင်တန်းက မိမိရဲ့ဝါသနာ ဘာသာစုံ - အင်ဂျင်နီယာ၊ ဆရာဝန်၊ ဆရာ/ဆရာမ၊ စီးပွားရေး စတဲ့ ဘာသာကို အင်္ဂလိပ်စာနဲ့တွဲပြီးတော့သင်ပေးမယ်။ ကျွန်တော်တို့ရဲ့သင်တန်းတွေကို တက်ပြီးတဲ့အခါမှာ ၇၅ ရာခိုင်နှုန်းမဟုတ်ရင်တောင် ၄၅ရာခိုင်နှုန်းတော့ သူတို့ရဲ့စိတ်ထဲမှာ ကျန်နေရစ်မယ်။ အဲဒီ Idea တွေ၊ Craeationတွေကို Discuss လုပ်ခဲ့တယ်။ ကျွန်တော်တို့ Team က ပထမဆုရဖို့တော့ မထင်ခဲ့ဘူး။ Organizer တွေ ကြည့်တဲ့အခါမှာလည်း ပြုံးစိစိနဲ့ ကျွန်တော်တို့ကို ကြည့်နေတယ်။ နောက်ဆုံးတော့ ဒီပထမဆုကိုရသွားတဲ့အတွက် အရမ်းကိုဂုဏ်ယူမိပါတယ်။

**မေး။ ဂျပန်ခရီးစဉ်အကြောင်းနဲ့ SLUSH ASIA ပွဲမှာ လုပ်ရတဲ့ Activity လေးတွေကို သိချင်ပါတယ်။**

**ဖြေ။ ။** ဒီပြိုင်ပွဲမှာ ပထမဆု အနိုင်ရသွားတဲ့အတွက်မေလ (၅) ရက်နေ့ကဂျပန်ကိုခရီးသွားခဲ့တယ်။ STEPS အဖွဲ့ (လူငယ်လေးဦး) က ဦးဆောင်ပြီးတော့ Abaco၊ Yoma၊ City Mart က ခရီးစဉ်ရဲ့ Sponsor အဖြစ် ထောက်ပံ့ပေးခဲ့တယ်။ ဂျပန်ရောက်တော့ Hotel မှာ တည်းခဲ့တယ်။ Wi-Fi လည်းရတယ်။ ရာသီဥတုကသာယာလို့ အရမ်းသဘောကျတယ်။ ဂျပန်စာလည်းစားခဲ့ရတယ်။ Shopping, Akihabara ဥယျာဉ်၊ တခြားနေရာစုံကိုလည်း လည်ပတ်ခဲ့တယ်။ ၁၄ ရက်နဲ့ ၁၅ ရက်မှာ SLUSH ASIA ပွဲရှိတယ်။ ပွဲမစခင်မှာ Pre-Party လုပ်ရတယ်။ ပွဲရက်အတောအတွင်း Volunteer Pitching Content၊ Volunteer အချင်းချင်း Performance ၊ ဒိုင်လူကြီးတွေရဲ့ Ideas, Comment, Feedbackကိုနားထောင်ရတယ်။ ပွဲပြီးတဲ့အခါမှာ Group ဓာတ်ပုံရိုက်ရပြီးတော့ After-Party ပွဲလေးလုပ်ခဲ့တယ်။ ပွဲမှာလည်း Idea topic၊ Information အသစ်တွေလည်း ရခဲ့လို့ ဝမ်းသာမိပါတယ်။

**မေး။ ။ တခြားပြောချင်တာရှိရင် ဖြည့်စွက်ပြောပါဦး။**

**ဖြေ။ ။** Organizers၊ Sponsors၊ STEPS အဖွဲ့ကို ကျေးဇူးအရမ်းတင်ပါတယ်။ ဆရာဦးအောင်ချစ်ခင် ကိုလည်း ကျေးဇူးတင်ပါတယ်။ Team ထဲမှာ အစ်ကိုနှစ်ယောက်နဲ့ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ အကယ်၍ ဒီလိုမျိုးပြိုင်ပွဲရှိခဲ့ရင် ဝင်ပြိုင်ကြပါလို့ အကြံပေးချင်ပါတယ်။ ■

# စံ - ဇာဏီဘို ဟောစာတမ်း

၂၀၁၆ ဇူလိုင် (၃) ရက်နေ့မှ ၂၀၁၆ ဇူလိုင် (၁၇) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

အညွှံ့အဆိုးများကျရောက်မည်။ အရာရာသတိနှင့်ဆောင်ရွက်ပါ။ အားနာလွယ်၊ ယုံလွယ်ခြင်းကြောင့်ပြဿနာဖြစ်တတ်သည်။ အနီးကပ်လူသစ္စာမဲ့တတ်သည်။ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းများမပြုရ။ ရပ်တန့်ထားသောကိစ္စများကို ပြန်လည်စတင်ဆောင်ရွက်နိုင်လင့်ကစား လက်ပြောင်းလက်လွှဲယူသူတို့က ပေါ့ပေါ့တန်တန်ဆောင်ရွက်ခြင်းကြောင့် မိမိကြိုးစားအားထုတ်သည်များ အချည်းနှီးဖြစ်မည်။ ဝေးကွာနေသောအဆက်အသွယ်ဟောင်းများနှင့် ပြန်လည်ချိတ်ဆက်မိမည်။ အိမ်တွင်းရေး၊ လူမှုရေး ပဋိပက္ခအရှုပ်အထွေးများကြား ပါဝင်ပတ်သက်ရမည်။ နာမည်သိက္ခာထိခိုက်အောင် စွပ်စွဲခံရမည်။ ဤကာလအတွင်း - ကံကောင်းစေသောအရောင် - အစိမ်းရောင်၊ အပြာရင့်ရောင်၊ အဝါရောင်။ အကျိုးပေးဂဏန်း - ၇၊ ၀၊ ၄၊ ၅။ ယတြာ - အိမ်ရှိကြွေပန်းကန်ပြားအပဲ့အကွဲများအား အသစ်အစားထိုးသုံးစွဲပါ။



## တနင်္လာနေ့မွေးသူများ

မှားယွင်းသောဆုံးဖြတ်ချက်များ ချမှတ်တတ်သည်။ ငွေကြေးအတွက်စကားများရမည်။ ရင်းနှီးသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။ ရန်အနှောင့်အယှက်ပေးလိုသူများဝန်းရံနေသည်။ ကတိပျက်သူများ၊ စကားမတည်သူများနှင့်ကြုံမည်။ အပြိုင်အဆိုင်၊ အတိုက်အခံများရှိမည်။ ကြိုးစားထားသည့်ရလဒ်အပေါ် သူတစ်ပါးကအညွှန့်ခူးတတ်သည်။ အလောတကြီး ပစ္စည်းဝယ်ယူခြင်းမရှိရ။ ရောင်းမှား၊ ဝယ်မှားဖြစ်မည်။ ဝယ်ယူထားသောပစ္စည်းများအပေါ် စိတ်တိုင်းမကျဖြစ်မည်။ မကုန်သင့်သော ကုန်ကျမှုများရှိမည်။ မသွားသင့်သောနေရာများသွားမိမည်။ မပြောသင့်သောစကားများ ပြော ဆိုမိတတ်သည်။ ဆောင်ရွက်မည့်ကိစ္စကို သူတစ်ပါးအားကြိုတင်မပြောရ။ သိုသိပ်ပိရိစွာလုပ်ပါ။ အကျိုးရှိမည်။ ဤကာလအတွင်း - ကံကောင်းစေသောအရောင် - အပြာရင့်ရောင်၊ နက်ပြာရောင်၊ မီးခိုးရောင် - အကျိုးပေးဂဏန်း - ၀၊ ၃၊ ၄၊ ၉ ။ ယတြာ - အင်္ဂါနေ့တွင် ဘုန်းကြီးကျောင်းသို့ ခေါက်ဆွဲကြော်ဒါနပြုပါ။



## အင်္ဂါနေ့မွေးသူများ

အရေးပါသော ဆုံးဖြတ်ချက်များချမှတ်နိုင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ရန်အပြိုင်အဆိုင်ကြားမှတိုးတက်မည်။ အခါတိုင်းမိမိအပေါ် မလိုမုန်းထားရှိသူများကပင် ကူညီလိမ့်မည်။ ကာလအတန်ကြာဖြစ်ပေါ်နေသော ပြဿနာဟောင်းများက ပိုဖြေရှင်းနိုင်မည်။ ဆုံးဖြတ်ချက်မှန်မည်။ သင်တန်းနှင့်ပတ်သက်သောကံပွင့်မည်။ အလုပ်အဆင့်၊ ဘဝအခြေအနေတစ်ခုလုံးကို ပြောင်းလဲစေသည့် တိုးတက်မှုများကြုံမည်။ ယှဉ်ပြိုင်သူအားလုံးအပေါ် အနိုင်ရရှိမည်။ ချက်ချင်းဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်ခြင်းမှ ကောင်းသောအကျိုးဆက်ဖြစ်ထွန်းမည်။ စာရွက်စာတမ်းများ ပြန်လည်ပြင်ဆင်ချုပ်ဆိုရမည်။ ဒုက္ခပေးသော အပေါင်းအသင်းရှိမည်။ ပြဿနာဖြစ်နေသော အချစ်ရေးကိစ္စပေါ်ထွန်းနေသည်။ ဤကာလအတွင်း - ကံကောင်းစေသောအရောင် - အညိုရောင်၊ ပန်းရောင်၊ အနီရောင်။ အကျိုးပေးဂဏန်း - ၁၊ ၀၊ ၆၊ ၈။ ယတြာ - တနင်္ဂနွေနေ့တွင် ဆန်အလှူဒါနပြုပါ။



## ဗုဒ္ဓဟူးနေ့မွေးသူများ

ရည်မှန်းထားသည်များနှင့် လက်တွေ့ဖြစ်ပေါ်မှုတို့ ကွာဟမည်။ သေသေချာချာပိုင်ပိုင်နိုင်နိုင်တွက်ဆပြီးလုပ်သော လုပ်ငန်းများပင်လျှင် အလွဲလွဲအချော်ချော်ဖြစ်မည်။ ပြောင်းလဲနေသောအခြေအနေများကြောင့် ရှေ့ရေးအလားအလာ တွက်ဆ၍မရနိုင်အောင် မသေချာမရေရာမှုများ လွှမ်းမိုးနေသည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ စကားများရမည်။ အထင်မြင်လွဲမှားမှုများဖြေရှင်းရမည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားမည်။ တစ်ပါးသူ ပြဿနာများ ပါဝင်ပတ်သက်ဖြေရှင်းရလိမ့်မည်။ ကျွမ်းကျင်မှုမရှိသောသူတို့၏ ဆရာလုပ်ဗိုလ်ကျမှုများကြုံမည်။ ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အပြာရင့်ရောင်၊ မီးခိုးရောင်၊ ပန်းရောင်။ အကျိုးပေးဂဏန်း - ၈၊ ၉၊ ၅၊ ၇။ ယတြာ - စာသင်ကျောင်းထိုင်ခုံ၊ ပရိဘောဂအသုံးအဆောင်တို့အတွက် တတ်အားသမျှဒါနပြုပါ။



## ကြာသပတေးနေ့မွေးသူများ

စုဆောင်းထားသောငွေများ ရုတ်ချည်းသုံးစွဲရမည်။ ကြိုတင်ခန့်မှန်းထားသည်ထက် အဆများစွာ ကုန်ကျခြင်းကိုကြုံရမည်။ တစ်ပါးသူကိစ္စအတွက် အချိန်သုံး၊ ငွေဖြုန်း၊ လူမုန်းခံပြီး ဆောင်ရွက်ပေးရခြင်းများရှိမည်။ လူအများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် သူတစ်ပါးမလုပ်လိုသော နေရာများတွင် ကြီးကဲသူအဖြစ် လုပ်ကိုင်ရလိမ့်မည်။ စာသင်သောကျောင်းဆရာများနှင့် အချင်းများရတတ်သည်။ ဆွေမျိုးအကြီးအကဲနှင့် ပဋိပက္ခဖြစ်တတ်သည်။ သူတစ်ပါးပြဿနာများ တာဝန်ခံဖြေရှင်းပေးရတတ်သည်။ တွဲဖက်လုပ်သူ၏မရိုးမသားပြုခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ မကျွမ်းကျင်ဘဲတတ်သယောင်ပြုကာ ဟိတ်ဟန်ထုတ်သူအပေါ် ယုံစားမိ၍စိတ်သောကရောက်မည်။ ဤကာလအတွင်း - - ကံကောင်းစေသောအရောင် - ပန်းရောင်၊ အနီရောင်၊ ကြက်သွေးရောင် - အကျိုးပေးဂဏန်း - ၂၊ ၆၊ ၉၊ ၃ - ယတြာ တောင်ဘက်တွင်ရှိသော အသက်ကြီးသူတစ်ဦးအား သွေးဆေးဒါနပြုပါ။



## သောကြာနေ့မွေးသူများ

အလောတကြီးဝယ်ယူခြင်း၊ ငွေမြှုပ်နှံခြင်းမပြုရ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုဦးစားပေးပါ။ တစ်ပါးသူကတိစကား နားယောင်မိကာအမှားကြုံမည်။ ပိုင်ဆိုင်ရရှိထားသောအခွင့်အလမ်းတို့ကို တိုက်ခိုက်နှောင့်ယှက်လုယူလိုသူများရှိမည်။ လျှို့ဝှက်ချက်များပေါက်ကြားတတ်သည်။ လုပ်ငန်းခွင်မှသူများဖို့ မိမိတာဝန်ယူထားသော စာရွက်စာတမ်းတို့ကို တစ်ပါးသူတို့က ယူငင်ဖျောက်ဖျက်တတ်သည်။ ကိုယ့်အလုပ်စားပွဲ၊ အလုပ်ခန်းများအတွင်း ပစ္စည်းတို့အား တစ်ပါးသူတို့ကို ကိုင်တွယ်ခွင့်မပေးပါနှင့်။ စာရွက်ပြောင်ပေါ်တွင် လက်မှတ်ရေးထိုးခြင်းမပြုရ။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အစိမ်းရောင်၊ မီးခိုးရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း - ၅၊ ၀၊ ၃၊ ၉။ ယတြာ - ကရေကရာမှုန့်ဒါနပြုပါ။ သစ်သားအဟောင်းများရှာဖွေစွန့်ပစ်ပါ။



## စနေနေ့မွေးသူများ

အခက်အခဲများကိုဖြေရှင်းနိုင်မည်။ ကောင်းကျိုးလိုလားသူများနှင့်တွေ့မည်။ ရန်ပဋိပက္ခများဖြေရှင်းနိုင်မည်။ အလုပ်အကြံအစည် အောင်မြင်မည်။ တစ်ပါးသူကိစ္စအတွက် အချိန်ကုန်လူပန်းဆောင်ရွက်ရမည်။ ပညာအတတ်နှင့်ပတ်သက်သော ခရီးကိစ္စအောင်မြင်မည်။ ငွေကြေးအပေးအယူကိစ္စတွင် အရှုပ်ထွေးများဖြစ်တတ်သည်။ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့်ပတ်သက်သောပြဿနများဖြစ်တတ်သည်။ မတော်တဆလဲပြို၍ခြေလက်တို့တွင်ထိရှမှုများဖြစ်တတ်သည်။ ပေါ်ပေါက်လာသောအခွင့်အလမ်းတို့ကိုစနစ်တကျအသုံးချရန်အခါကောင်းကျရောက်သည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် - အဝါရောင်၊ ပန်းရောင်၊ အပြာရောင် - အကျိုးပေးဂဏန်း - ၃၊ ၆၊ ၄၊ ၀ - ယတြာ - နေအိမ်၏တောင်အရပ်တွင်ရှိသော ဘုန်းကြီးကျောင်းတွင် ရေနွေးခရားဒါနပြုပါ။

ချမ်းမြေ့မေတ္တာ တံ့ပြန်ပါသည်။

စံ - ဇာဏီဘို

# ICM Single Subject Diploma in Logistics & Supply Chain Management အတန်းသစ် ဇူလိုင်လ (၂၁) ရက်နေ့စမည်






Company နှင့် NGO များတွင် Logistics & Supply Chain ဆိုင်ရာစီမံခန့်ခွဲမှုပိုင်းတွင် လုပ်ကိုင်နေသူများအတွက် ICM Single Subject Diploma in Logistics & Supply Chain Management Batch (11 Plus) သင်တန်းကို ဇူလိုင်လ (၂၁) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်သောကြောင့် ကြိုတင်စာရင်းပေးသွင်း အပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ (၅)လခွဲကြာမြင့်မည်ဖြစ်ပါသည်။ ICM စာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက Institute of Commercial Management (UK) မှပေးအပ်သော Single Subject Diploma များရရှိပါမည်။

Logistics & Supply Chain Management ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ –

Course Contents :

- Competing Through Logistics
- Material & Information Flow
- Supply Chain Strategies
- Setting Customer Service Priorities
- Value & Logistics Costs
- Balanced Measurement Portfolio
- Supply Chain Operations Reference Model
- Managing Logistics Internationally
- Managing the Lead Time Frontier
- Time-based Mapping
- Managing Timeliness in the Logistics Pipeline
- Just-In-Time & Lean Thinking
- The Agile Supply Chain
- Collaborative Supply Chain Planning
- Forecasting & Replenishment
- Supply-based Rationalisation
- Supplier Network Development
- Logistics Future Challenge
- Role of the Internet

Lecturer: U Aung Khin Myint, Chairman, Global Multimodal Transport And Services Co. Ltd, Master Mariner (Ministry of Transport), Representative, American President Line (APL) Logistics, EMBA (YIE), Dip in Shipping and Port Mgt, Dip in Mgt & Administration, Dip in Computer Sciences, Dip in Multimodal Transport, Dip in Maritime Law

Every Thursday – 6:00 to 8:30 pm | Starting Date - 21 July 2016 | Program Fees – (395,000 kyats + 105 USD for exam & reg)




## သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

# SFJ STRATEGY FIRST JOURNAL

**YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE**



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

**SFJ** ဂျာနယ်ကို **STRATEGY FIRST INSTITUTE** မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

# *The* STRATEGY FIRST *Times*



လစဉ်ထုတ် **STRATEGY FIRST JOURNAL** နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော *The* **STRATEGY FIRST** *Times* တို့မှာ

## ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com